ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် သောကြာနေ့။ Friday, 3 April 2026 ၁၂၁၄၁

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲကို ဧပြီ ၃ ရက်တွင် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၆ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

## ပြည်တွင်းလေကြောင်း လေယာဉ်ခရီးစဉ်များ ပုံမှန်အတိုင်း ပြန်လည်ပျံသန်းပြေးဆွဲ

နေပြည်တော် ဧပြီ ၂

ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်း၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း၊ မင်္ဂလာလေကြောင်း၊ မန်းရတနာပုံလေကြောင်းနှင့် အဲသံလွင်လေကြောင်းလိုင်းတို့အနေဖြင့် ပျံသန်းပြေးဆွဲလျက်ရှိသော ပြည်တွင်းခရီးစဉ်များအနက် ဦးစားပေးပြေးဆွဲရန် စီစဉ်ထားရှိသော ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ ကော့သောင်းမြို့၊ ကျောက်ဖြူမြို့၊ စစ်တွေမြို့၊ ကလေးမြို့၊ ဟုမ္မလင်းမြို့နှင့် ခန္တီးမြို့များသို့ ၂၀၂၆ ခုနှစ် မတ် ၂၅ ရက်မှစတင်၍ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး ယခုအခါ မြစ်ကြီးနားမြို့သို့ ဧပြီ ၄ ရက်မှစတင်၍လည်းကောင်း၊ ပူတာအိုမြို့သို့ ဧပြီ ၅ ရက်မှစတင်၍လည်းကောင်း ပုံမှန်ပြန်လည်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**

ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း
စာမျက်နှာ » ၃

မင်းဘူးမြို့၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိ
စာမျက်နှာ » ၅

မြန်မာ့မီးရထားအနေဖြင့် ကုန်စည်များအဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပါဆယ်ရထားတွဲများ ချိတ်ဆက်ပြေးဆွဲပေးမည်
စာမျက်နှာ » ၉

ကမ္ဘာကသိသည့် မြန်မာ့ဂုဏ်ဆောင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားအဆင့် အမှတ်တံဆိပ်
ဆောင်းပါး စာမျက်နှာ » ၁၁

# စိုက်ပျိုးသူတောင်သူများအတွက် သွင်းအားစုများဖြည့်ဆည်းထောက်ပံ့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ စားရေရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူအများစုသည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ ပြည်သူများအတွက် စားရေရိက္ခာဖူလုံပိုလျှံရေး၊ တောင်သူလယ်သမားများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးကို အလေးထား ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိကာလတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် စက်သုံးဆီရှားပါးမှုများကို ကမ္ဘာတစ်ဝန်း ကြုံတွေ့ခံစားနေကြရသည်။ ယခုကာလတွင် စက်သုံးဆီဈေးနှုန်းကြီးမြင့်လာမှုနှင့်အတူ ဒေါ်လာဈေးနှုန်းများလည်း အနည်းငယ်မြင့်မားလာသဖြင့် ပြည်ပသွင်းကုန်တန်ဖိုးများအားလုံး လိုက်ပါမြင့်တက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ စက်သုံးဆီဈေးနှုန်းနှင့် ဒေါ်လာဈေးနှုန်းတို့ မြင့်တက်လာသည်နှင့်အမျှ ကုန်ပစ္စည်းဈေးနှုန်းများလည်း လိုက်ပါမြင့်တက်လာနိုင်သည်။ ထို့ကြောင့် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့် စက်သုံးဆီလုံလောက်ရေးကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးနေသလို ကုန်ထုတ်လုပ်ငန်းများ စဉ်ဆက်မပြတ်လည်ပတ်ရေးအတွက် စက်သုံးဆီကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လက်ရှိကာလတွင် စက်သုံးဆီအခက်အခဲများကြောင့် မော်တော်ယာဉ်ပိုင်ရှင်များအတွက် အခက်အခဲများရှိကြသည်ဖြစ်သော်လည်း မြန်မာတစ်နိုင်ငံလုံး စားရေရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေသော တောင်သူလယ်သမားဦးကြီးများအတွက်လိုအပ်သည့် ရေ၊ စက်သုံးဆီ၊ ဓာတ်မြေသြဇာစသည့်သွင်းအားစုလိုအပ်ချက်များကိုလည်း လစ်ဟင်းမှုမရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်ပသွင်းအားစုများဖြစ်သည့် စက်သုံးဆီနှင့် ဓာတ်မြေသြဇာပြတ်လပ်မှုမဖြစ်စေရေး နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ ရေတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စက်သုံးဆီလိုအပ်ချက်ကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

"လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ ဓာတ်မြေသြဇာဈေးနှုန်းများမြင့်တက်လာမှုကြောင့် ဓာတ်မြေသြဇာသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် သဘာဝမြေသြဇာများကို ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေသြဇာများကို စိုက်ပျိုးရေးတောင်သူများ လက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှ လျှော့ချပေးခြင်းများ ဆောင်ရွက်ပေးနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း" ဧပြီလ ၁ ရက်နေ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။

လောက၌ အရေးအကြီးဆုံး အရေးသုံးပါးရှိသည့်အနက် စားရေးသည် အရေးအကြီးဆုံးဖြစ်သည်။ စားရေရိက္ခာဖူလုံရေးအတွက် လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများကို ပြေလည်အောင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဖြစ်ပေါ်လာသောပဋိပက္ခများကြောင့် ဈေးနှုန်းမြင့်မားလာသော နိုင်ငံခြားငွေကြေးကို လျှော့ချသုံးစွဲရန်လိုအပ်လာသည်။ ပြည်တွင်းစားသုံးဆီလိုအပ်ချက်အရ ပြည်ပမှ စားသုံးဆီ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ များစွာသုံးစွဲနေရသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်၊ နှမ်းတို့ကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ အဓိကအားဖြင့် နေကြာစိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ရာ နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ အလားတူ အခြားစိုက်ပျိုးသီးနှံမျိုးစုံတို့ကိုလည်း အထွက်တိုးအောင် တောင်သူလယ်သမားများ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများအားလုံးအတွက် လိုအပ်သည့် စားရေရိက္ခာဖူလုံလောက်ငရေးကို နေ့စဉ်ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် တောင်သူလယ်သမားဦးကြီးများ၏ လိုအပ်ချက်ဖြစ်သည့် သွင်းအားစုများကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် တောင်သူလယ်သမားများ လိုအပ်လျက်ရှိသော ဓာတ်မြေသြဇာများကို ဈေးနှုန်းသက်သာစွာဖြင့် တောင်သူလယ်သမားများလက်ဝယ်အရောက် နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြန့်ဖြူးပေးသွားမည်ဖြစ်သလို တောင်သူလယ်သမားဦးကြီးများအနေဖြင့်လည်း နိုင်ငံခြားငွေလျှော့နည်းသက်သာစေရန်အတွက် သဘာဝမြေသြဇာများကို ပိုမိုသုံးစွဲကြပြီး ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လတ်စိုး ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဧပြီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၄ ဌာန၌ ဆက်လက်ကျင်းပရာ စာရင်းသွင်း ၃၃၇၃၈ ပါး/ဦးအနက် ၂၈၁၈၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၅၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မိုင်းယောင်းမြို့၌ မသန်စွမ်းသူများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း ဧပြီ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းက "မသန်စွမ်းသူ တို့ဝိုင်းကူ"ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ဝေဝေခိုင်တို့က မသန်စွမ်းသူတို့သည် အခြားသူများ၏ အထင်အမြင်သေးခံရကာ နှိမ့်ချဆက်ဆံမှုနှင့်လည်း ကြုံတွေ့ရတတ်ပြီး လူသားဆိုင်ရာအခွင့်အရေး လျော့ပါးတတ်ကြောင်း၊ သာမန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးများ ပြုလုပ်မပေးနိုင်လျှင် သို့မဟုတ် စောင့်ရှောက်မှုလျော့နည်းမည်ဆိုလျှင် မသန်စွမ်းသူများ၏ ဘဝအခြေအနေများသည် ပိုမို၍ နိမ့်ကျနိုင်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

○

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဧပြီ ၂**

ယနေ့မြန်မာစံတော်ချိန် ၀၅ နာရီ ၁၈ မိနစ် ၁၉ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၃၁၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Northern Molucca Sea)၊ မြောက်လတ္တီတွဒ် ၁ ဒသမ ၃၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၂၉ ဒီဂရီ၊ အနက် ၆၆ ကီလိုမီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၇ ဒသမ ၄ (M)အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

■

## ၂ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၀၀၀ | ၅၉၃ | ၇,၇၁၁,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၁၀၀ | ၈၄၃ | ၅,၂၀၇,၉၀၀ |
| MCB | ၉,၂၀၀ | ၉,၂၀၀ | ၈,၃၆၅ | ၀ |
| FPB | ၄,၂၀၀ | ၄,၂၀၀ | ၈,၃၆၅ | ၃၅,၂၅၀,၂၀၀ |
| TMH | ၃,၄၀၀ | ၃,၃၀၀ | ၅၁ | ၁၇၁,၉၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၁,၆၇၇ | ၃,၀၂၄,၇၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၅၂ | ၂၀၄,၉၀၀ |
| MAEX | ၃,၈၅၀ | ၃,၈၅၀ | ၂၀၇ | ၇၉၆,၄၅၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၁,၄၅၁ | ၄,၇၈၈,၃၀၀ |
| ASPGB(PLB) | ၃၉,၀၀၀ | ၃၉,၀၀၀ | ၁၄၆ | ၅,၆၉၄,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၅၁ / ၂၀၁၆)
၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ) ပုဒ်မခွဲငယ်(၃)၏ နောက်တွင် ပုဒ်မခွဲငယ်(၄)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(၄) အစ္စလာမ်ဘာသာအတွက်ဖြစ်လျှင် မော်လဝီ၊ ဟာဖိဇ်၊ အီမန်အပါအဝင် သက်ဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသည့် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်း။"

၃။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ ၈ တွင် ပါရှိသော "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ" ဆိုသည့်စကားရပ်ကို "သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတို့အား အတည်ပြုထုတ်ပြန်

**နေပြည်တော် မေ ၂**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် မတ် ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဥပဒေအမှတ်(၂၁/၂၀၁၆)ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အမျိုးသား စီမံကိန်းဥပဒေအားလည်းကောင်း၊ ဥပဒေအမှတ်(၂၂/၂၀၁၆)ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေအားလည်းကောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ဥပဒေများသည် ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် ကချင်ပြည်နယ် (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ Jeng Phang နော်တောင်က ဥပဒေကြမ်းပူးပေါင်း ကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဥပဒေကြမ်းပူးပေါင်း ကော်မတီကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီ အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့မှ ပေးပို့ထားသည့် ဥပဒေ ကြမ်းကော်မတီအဖွဲ့ဝင်များ၏ အမည် စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ အဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်း ဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒကျော်စွာ၊ အတွင်းရေးမှူး အဖြစ် ပဲခူးတိုင်းဒေသကြီး(အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှ ဦးဇင်မင်းထက်နှင့် တွဲဖက်အတွင်း ရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးနှင့် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ် တော်အစည်းအဝေးတွင် လွှတ်တော်၏ သဘောတူညီချက်ရယူ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးချစ်ဆွေက ပြည်သူ့ငွေ စာရင်းပူးပေါင်းကော်မတီ ဖွဲ့စည်းခြင်း နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီကို ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီဝင် ဦးရေ ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့မှ ပေးပို့ထားသည့် အဖွဲ့ဝင် များ၏ အမည်စာရင်းကို ဖတ်ကြား သည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတွင် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေနှင့်အညီ ကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စု လွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ(၁)အဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂) မှ ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂)အဖြစ် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးတေဇကျော်၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံး ရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂) မှ ဦးသန်းအောင်၊ တွဲဖက်အတွင်းရေးမှူး အဖြစ် အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်နှင့် ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးအား အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ဖွဲ့စည်း သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက် ကျင်းပပြုလုပ်မည့် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်၏ သဘောတူညီချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့်က လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး ကော်မတီဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က လွှတ်တော် ကိုယ်စားလှယ် စိစစ်အတည်ပြုရေး လုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက် နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပေးပို့ထား သည့် ကိုယ်စားလှယ် ၁၅ ဦး၏ အမည် စာရင်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးကော်မတီဥက္ကဋ္ဌ အဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်းဒေသကြီး (အချိုးကျ ကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁) မှဦးအောင်တင်မြင့် တို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည် ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပ ပြုလုပ်မည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး တွင် လွှတ်တော်၏သဘောတူညီချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ထိုနောက် ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့သုံးဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်ပြ ထားသည့် ဒုတိယသမ္မတသုံးဦးသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထား သည့် အရည်အချင်းများနှင့် ပြည့်စုံ ကြောင်း စိစစ်ရေးအဖွဲ့၏ ထောက်ခံ တင်ပြမှုကို ဖတ်ကြားတင်ပြသည်။

အဆိုပါ စိစစ်ရေးအဖွဲ့က ထောက်ခံ တင်ပြထားသည့် ဒုတိယသမ္မတများမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကရင် ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စား ပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းနီနီအေးနှင့် ကိုကိုးကျွန်းမဲဆန္ဒ နယ်မှ ဦးညိုစောတို့ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပါဝင်သည့် နိုင်ငံတော်သမ္မတရွေးချယ် တင်မြှောက်ရေးအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက် ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် များ အစုအဖွဲ့အသီးသီးက ရွေးချယ် တင်ပြထားသည့် ဒုတိယသမ္မတသုံးဦး အနက် မိမိတို့ကြိုက်နှစ်သက်သည့် ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော် သမ္မတအဖြစ် ဆန္ဒမဲပေး ရွေးချယ်တင် မြှောက်ပွဲကို မေ ၃ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စု လွှတ်တော်နာယက က မေ ၃ ရက်တွင် ကျင်းပမည့် နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက် ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ဆန္ဒမဲလက်မှတ် ဆန္ဒပြုပုံနှင့် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ် ပုံစံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နား လိုက်ပြီး တတိယအကြိမ် ပြည်ထောင်စု လွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ် တင်မြှောက်ပွဲကို မေ ၃ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပူရှောင် သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ သက်ကြီးပုဂ္ဂိုလ်များအတွက် ဦးစားပေးဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းသို့ သွားရောက်၍ သက်ကြီးပုဂ္ဂိုလ်များ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေး ကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်/ ရှောင်ရန်များကို အသိပညာပေးရှင်းလင်းပြောကြားပြီး နိုင်ငံတော်ယာယီသမ္မတက ထောက်ပံ့သည့်ခေတ်ဆားနှင့် အချိုရည်များကို ထောက်ပံ့ပေးအပ်ကာ အပူရှောင်သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများဖြစ်ပေါ်ပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် အပူရှောင်နေ့ဘက်ပြင်ပလူနာ စောင့်ရှောက်ရေးဌာန၊ လူနာစမ်းသပ်ခန်း၊ ဆေးနှင့်ဆေးဝါးများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မိမိတို့နေအိမ်များတွင် နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်တိမ်းရှောင်ရန်လိုအပ်သူများအတွက် အပူရှောင်စခန်းများအား မကွေးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့တွင် မတ် ၁၆ ရက်က စတင်ဖွင့်လှစ်ပြီး အပူရှောင်လာရောက်သူများအား သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရေး ဆောင်ရန်/ ရှောင်ရန်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမူလတန်းကြိုကျောင်းတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂**

အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Semi Virtual စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အပူဒဏ်အန္တရာယ် မဖြစ်ပွားမီကတည်းက ကာကွယ်နိုင်ရေးသည် အရေးကြီးသဖြင့် အသိပညာပေးနှိုးဆော်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ရောက်ရှိစေရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ကုသရေးအထူးကု ဆရာဝန်ကြီးများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပူဒဏ်အန္တရာယ်လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် စံကုသမှုလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများဆောင်ရွက်ထားရှိစေလိုကြောင်း၊ နှစ်စဉ်ဆောင်ရွက်နေသော လုပ်ငန်းများဖြစ်သော်လည်း အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု ပိုမိုလျော့နည်းစေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အပူရှောင်စခန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် လမ်းညွှန်ချက်များကို ကျန်းမာရေးဌာနအဆင့်ဆင့်ထံသို့ ဖြန့်ဝေထားရှိမှု၊ အပူဒဏ်အန္တရာယ် လူနာစံကုသမှုလမ်းညွှန်များအား ဖြန့်ဝေထားရှိမှု၊ ပြည်သူများအတွက် အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှင့်အပူဒဏ်အန္တရာယ် ခံစားရသော လူနာများအား ရှေးဦးပြုစုခြင်းတို့နှင့် ပတ်သက်၍ အသိပညာပေး နှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိမှု၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများမှတစ်ဆင့် အသိပညာပေး နှိုးဆော်နေမှုနှင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှုအား စောင့်ကြပ်ကြည့်ရှုနေမှုတို့ အပါအဝင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဗဟိုအဆင့် ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများက အပူရှောင်စခန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းများသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှု၊ ဆေးရုံနှင့် ဆေးခန်းများတွင် လူနာများ လက်ခံကုသနိုင်ရန် ခုတင်နေရာများ ပြင်ဆင်ထားရှိမှု၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ ကွင်းဆင်းကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ လူအများမြင်သာသည့်နေရာများတွင် အသိပညာပေး နှိုးဆော်ချက် ဆိုင်းဘုတ်များ ထားရှိမှု၊ နီးနွှယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် နွေရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးအတွက် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှု သတင်းအချက်အလက်များအရ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် အပူဒဏ်အန္တရာယ်ကြောင့် ပြင်းထန်လူနာနှင့် သေဆုံးလူနာများ ယခုအထိ မရှိသေးကြောင်း သိရသည်။ **သတင်းစဉ်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ် ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ စသည့်နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# မင်းဘူးမြို့၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိ

**မင်းဘူး ဧပြီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ယခုရက်ပိုင်း ကမ္ဘာ့အပူဆုံးမြို့များ စာရင်းတွင် အဆင့်(၁) ဝင်ရောက်ခဲ့သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိတို့နေအိမ်များ၌ နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကို တိမ်းရှောင်ရန်လိုအပ်မည့်သူများနှင့် သက်ကြီးဘိုးဘွားများအား အပူရှောင်စခန်းများတွင် လာရောက်နားခိုနိုင်ရေးနှင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အပူရှောင်စခန်းများကို ဧပြီ ၂ ရက်နံနက်ပိုင်းမှစတင်ပြီး ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ပူရှောင်စခန်းများကို ပထမဦးစားပေးအဖြစ် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မင်းဘူးမြို့ သာသနာ့ဗိမာန်နှင့် စကုမြို့ရှိ မိုးကုတ်ဓမ္မရိပ်သာတို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီခွဲအချိန်ထိ ဖွင့်လှစ်ထားပြီး နားနေခန်း၊ တရားနာခန်း၊ ထမင်းစားခန်းနှင့် TV ကြည့်ခန်းများအပြင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ TV ကြည့်ခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသစာအုပ်စာပေနှင့် နေ့စဉ်ထုတ်သတင်းစာများ ဖတ်ရှုလေ့လာနိုင်ရန်နှင့် အကြို/အပို့ယာဉ်စသည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အပူရှောင်စခန်း စတင်ဖွင့်လှစ်သည့် ပထမရက်တွင် မင်းဘူးမြို့ ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ သက်ကြီးဘိုဘွား ၂၀ က လာရောက် နားခိုနေထိုင်လျက်ရှိပြီး လိုအပ်သောပံ့ပိုးကူညီမှုများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။



အပူရှောင်စခန်းသို့ လာရောက်အပူရှောင်နားခိုကြသူများအား တွေ့ရစဉ်။

ယခုလက်ရှိ အပူရှောင်စခန်းများတွင် လူဦးရေ ၄၀၀ ခန့် အပူရှောင်နားခိုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားပြီး မင်းဘူး(စကု)မြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၈၅၀ ကျော်ရှိကြောင်း၊ အပူရှောင်စခန်းများသို့ လာရောက်နားခိုသည့် လူဦးရေအနည်းအများအပေါ် မူတည်၍ အပူရှောင်စခန်းများကို ကျောက်တန်းကျေးရွာ၊ ဖလံရုံကျေးရွာနှင့် အောက်ကျောင်းကျေးရွာတို့တွင် အရန်နေရာများသတ်မှတ်၍ ကြိုတင်စီမံဆောင်ရွက်ထားရှိကြောင်း၊ အဆိုပါ အပူရှောင်စခန်းများအတွက် နိုင်ငံတော်ယာယီသမ္မတက အလှူငွေကျပ် သိန်း ၃၀၀ နှင့် ငွေကျပ် ၉၁ သိန်းတန်ဖိုးရှိ ခေတ်ဆားနှင့် အချိုရည်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၇၃ သိန်းကျော်တန်ဖိုးရှိ ရေသန့်၊ အချိုရည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အလှူငွေကျပ် သိန်း ၁၀၀ နှင့် ငွေကျပ် ၆၁ သိန်းတန်ဖိုးရှိ အားဖြည့်အချိုရည်များကို လှူဒါန်းပေးပို့ထားရှိပြီး စုစုပေါင်းအလှူငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၆၂၅၅၀၀၀၀ ဖြစ်ကြောင်း၊ အပူရှောင်စခန်းများ အောင်မြင်စွာဖွင့်လှစ်နိုင်ရေး ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ပူးပေါင်းပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း စသည့် လက္ခဏာများဖြစ်ပွားလာပါက နီးစပ်ရာဆေးရုံများ၌ အရေးပေါ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နိုင်ရန် မင်းဘူးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် စကုမြို့ရှိ ပြည်သူ့ဆေးရုံတွင် လူနာစမ်းသပ်ခန်းနှင့် ဆေးကုခန်းများကို အရန်သင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း၊ ထို့အပြင် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ပညာပေးလုပ်ငန်းများအဖြစ် ရပ်ကွက်/ကျေးရွာများအလိုက် အသံချဲ့စက်ဖြင့် နေ့စဉ် အသိပေးလှည့်လည်နှိုးဆော်ခြင်း၊ လူစည်ကားရာ နေရာများတွင် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေး ဗီနိုင်းပိုစတာစိုက်ထူခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**







## ချောက်မြို့နယ် အပူရှောင်စခန်းကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ချောက် ဧပြီ ၂**

မကွေး တိုင်းဒေသကြီး ချောက်မြို့နယ်တွင် ထိခိုက်လွယ်သူများ (သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးသူငယ်များ) အပူရှောင်နိုင်ရေး၊ အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် အမှတ်(၁၁)ရပ်ကွက် မြို့လယ် သာသနာ့ဗိမာန်တွင် အပူရှောင်စခန်းအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အပူရှောင်လာသည့် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား စလင်းပရိယတ္တိစာသင်တိုက်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကေသဝက သီလပေးတရားများ ချီးမြှင့်ပေးပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက အပူဒဏ် အန္တရာယ်အကြောင်း အသိပညာပေးခြင်းများနှင့် အပူဒဏ်အန္တရာယ် ကာကွယ်ရေး လိုက်နာရမည့်ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။



ထို့နောက် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက အပူရှောင်လာသူများအားရှိုင်ရယ်ဒီများ၊ ရေသန့်များနှင့် သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုသို့ အပူရှောင်လာသူများအား မြို့နယ်ကျန်းမာရေးဌာနက ဘိုးဘွားများအား ဆီးချို၊ သွေးချိုစစ်ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ကျန်းမာရေးစစ်ဆေး၍ တိုင်းရင်းဆေးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အပူရှောင်စခန်းအတွက် သောက်ရေသန့်၊ ယပ်တောင်များ အသင့် စီစဉ်ဆောင်ရွက်ထားရှိပေးလျက်ရှိကြောင်း သိရသည်။

အပူရှောင်စခန်းကို မတ် ၁၆ ရက်က စတင်ခဲ့ရာ ဧပြီ ၁၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ငဖဲမြို့၌ အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**ငဖဲ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ငဖဲမြို့၌ အပူရှောင်စခန်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ယနေ့ညနေပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုဆောင်ရွက်သည်။

ငဖဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အပူရှောင်စခန်းဖွင့်လှစ်မည့် မိုးကုတ်ဓမ္မရိပ်သာ ယောဂီဆောင်နှင့် ဆွမ်းစားဆောင်၊ မြို့နယ်ခန်းမတို့၌ အပူရှောင်စခန်းနှစ်ခု ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ထို့ပြင် ပြည်သူများအနေဖြင့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း အပူဒဏ်ကြောင့်သတိလစ်ခြင်း လက္ခဏာများဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရေ၊ လျှပ်စစ်မီး၊ ပန်ကာ၊ သောက်ရေသန့် (ရေအိုး) နှင့် နေရာထိုင်ခင်းများကို ပြင်ဆင်ထားရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေး

**စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ ထို့ကြောင့် မြေကြီးကို အားကိုးအားထားပြုနေကြရသည်။ ထိုမြေကြီးသည်လည်း စိုက်ပျိုးသီးနှံများဖြစ်ထွန်းစေရန်အတွက် မြေဆီသြဇာကြွယ်ဝရန် လိုပါသည်။ ယခုအခါ ဓာတုဓာတ်မြေသြဇာများ သုံးစွဲလာခြင်းကြောင့် မြေဆီခန်းခြောက်လာသည်ကို သတိပြုသင့်ပေသည်။**

**ကိုကျော်စွာ (ကျိုက်ပိ)**

စိုက်ပျိုးသူများအနေဖြင့်လည်း မြေဆီသြဇာခန်းခြောက်ခြင်းကို ကြုံတွေ့လာရသည့်အပြင် ပိုးမွှားမျိုးစုံကျရောက်ဖျက်ဆီးခြင်းကိုလည်း ခံကြရသည့်အခါ ပိုးသတ်ဆေးများကို အသုံးပြုကြရသည်။ ပိုးတစ်မျိုးအတွက် ပိုးသတ်ဆေးတစ်မျိုးပေါ်လာပါက နောက်ထပ်အခြားပိုးတစ်မျိုးက ပေါ်လာပြန်သည်။ ထိုပိုးကိုနှိမ်နင်းရန် နောက်ထပ်ပိုးသတ်ဆေးတစ်မျိုးလည်း ပေါ်လာရပြန်သည်။ ဤနည်းဖြင့် ပိုးသတ်ဆေးမျိုးစုံပေါ်လာ၍ အဆိပ်သံသရာလည်နေတော့သည်။ ဓာတုမြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများသည် သဘာဝပတ်ဝန်းကျင်နှင့် လူတို့အတွက် အန္တရာယ်ပင်ဖြစ်ပါသည်။ သို့ဆိုပါလျှင် စိုက်ပျိုးရေးအတွက် မည်သည့်မြေသြဇာနှင့် မည်သည့်ပိုးသတ်ဆေးကို အသုံးပြုရမည်နည်းဟု မေးစရာရှိလာပါသည်။ စာရေးသူအနေဖြင့်မူ အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေးကိုသာ အသုံးပြုကြပါဟု ပြောလိုပါသည်။

### အော်ဂဲနစ်မြေသြဇာများ

အော်ဂဲနစ်မြေသြဇာ (Organic Fertilizer) ဆိုသည်မှာ အပင်များမှလည်းကောင်း၊ တိရစ္ဆာန်အညစ်အကြေးများမှလည်းကောင်း၊ အကျိုးပြုအဏုဇီဝပိုးများမှလည်းကောင်း ပြုလုပ်ခြင်းဖြစ်သည်။ အော်ဂဲနစ်မြေသြဇာများမှာ အပင်ဆွေးမြေသြဇာ၊ တိရစ္ဆာန်အညစ်အကြေးမြေသြဇာ၊ အဏုဇီဝမြေသြဇာနှင့် တီကောင်စွန့်ပစ်မြေသြဇာဟူ၍ဖြစ်သည်။

### အပင်ဆွေးမြေသြဇာ

အပင်ဆွေးမြေသြဇာ(Compost)ကို အပင်၏အကိုင်း၊ အရွက်နှင့် သစ်သီးခြံဆွေးများ၊ သစ်ပင်ပန်းမန်နှင့် အခြားသောအပင်တို့၏ အစိတ်အပိုင်းများဖြင့် ပြုလုပ်သည်။ သစ်ပင်တစ်ပင်ရှိ သစ်ရွက်ကြွေများသည် ထိုသစ်ပင်အတွက် မြေသြဇာဖြစ်သလို အခြားသောအပင်များအတွက်လည်း မြေသြဇာကို ပေးစွမ်းနိုင်ပါသည်။ အပင်ဆွေးမြေသြဇာ ပြုလုပ်ရန်အတွက် ကျင်း သို့မဟုတ် အုတ်ကန်တစ်ခုထဲသို့ သစ်ရွက်များ၊ သစ်ကိုင်းများ၊ သစ်ဆွေးတုံးများ၊ သီးနှံအခွံများနှင့် အခြားသောအပင်တို့၏ အစိတ်အပိုင်းများကို ထည့်ထားရသည်။ ထို့နောက် ရေနှင့် အောက်ဆီဂျင်သည် ထိုအစိတ်အပိုင်းများကို အချိန်ကြာမြင့်စွာ ထိတွေ့၍ တဖြည်းဖြည်း ဆွေးမြည့်ပျက်စီးလာကာ အော်ဂဲနစ်မြေသြဇာအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ လူတို့၏ကျန်းမာရေးနှင့် စိုက်ပျိုးမြေ၌ မြေဆီသြဇာကြွယ်ဝစေရန်အတွက် အပင်ဆွေးအော်ဂဲနစ်မြေသြဇာသည် အလွန်ကောင်းမွန်သော မြေသြဇာတစ်မျိုးဖြစ်ပါသည်။

### တိရစ္ဆာန်အညစ်အကြေးမြေသြဇာ

တိရစ္ဆာန်အညစ်အကြေးမြေသြဇာ (Manures)ကို ကျွဲချေး၊ နွားချေး၊ ကြက်ချေး၊ ဘဲချေး စသည်တို့ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ တိရစ္ဆာန်တို့မှရသော အညစ်အကြေးများကို အော်ဂဲနစ်မြေသြဇာအဖြစ် အသုံးပြုခြင်းသည် ငွေကုန်ကြေးကျသက်သာသလို အခြားသော ဘေးထွက်ဆိုးကျိုးများလည်း ကင်းစေသည်။ စာရေးသူတို့ဒေသတွင် နွားချေးကို အများဆုံးအသုံးပြုလေ့ရှိကြသည်။ နွေစပါးသိမ်းပြီးချိန်တွင် နွားချေးဆွေးများကို လယ်ကွင်းထဲ၌ အတန်ငယ်ခြား၍ ပုံထားလေ့ရှိကြသည်ကို တွေ့ရသည်။ နောက် မိုးရာသီအခါ လယ်ထွန်ပါက ထိုနွားချေးဆွေးများနှင့် မြေသမသွားကာ မြေသြဇာအဖြစ် အသုံးပြုကြပါသည်။

**နွားချေးတွင် သီးနှံပင်များအတွက် လိုအပ်သော နိုက်ထရိုဂျင် သုံးရာခိုင်နှုန်း၊ ဖော့စ်ဖရပ် နှစ်ရာခိုင်နှုန်းနှင့် ပိုတက်စီယမ် တစ်ရာခိုင်နှုန်းပါဝင်ကြောင်းသိရသည်။ နွားချေးမြေသြဇာသည် မြေအစိုဓာတ်ကို ထိန်းပေးသလို မြေဆီလွှာကိုလည်း ကောင်းမွန်စေပါသည်။ ထို့ပြင် အကျိုးပြုအဏုဇီဝပိုးများ ရှင်သန်စေရန်အတွက်လည်း အထောက်အကူပြုသည့် အော်ဂဲနစ်မြေသြဇာတစ်မျိုးပင်ဖြစ်ပါသည်။ ထိုနွားချေးမြေသြဇာအပြင် ကြက်ချေးနှင့် ဘဲချေးကိုလည်း အော်ဂဲနစ်သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။ ကြက်ချေးဆွေးနှင့် ဘဲချေးဆွေးများကိုလည်း နွားချေးဆွေးကဲ့သို့ပင် သီးပင်စားပင်များအတွက် မြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။**

### တီကောင်မြေသြဇာ

တီကောင်များသည် ကမ္ဘာ့မြေဆီလွှာအပေါ်ယံတွင် နေကြသည်။

**❛ နွားချေးတွင် သီးနှံပင်များအတွက် လိုအပ်သော နိုက်ထရိုဂျင် သုံးရာခိုင်နှုန်း၊ ဖော့စ်ဖရပ် နှစ်ရာခိုင်နှုန်းနှင့် ပိုတက်စီယမ် တစ်ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။ နွားချေးမြေသြဇာသည် မြေအစိုဓာတ်ကိုထိန်းပေးသလို မြေဆီလွှာကိုလည်း ကောင်းမွန်စေပါသည်။ ထို့ပြင် အကျိုးပြုအဏုဇီဝပိုးများ ရှင်သန်စေရန်အတွက်လည်း အထောက်အကူပြုသည့် အော်ဂဲနစ်မြေသြဇာတစ်မျိုးပင်ဖြစ်ပါသည်။ ထိုနွားချေးမြေသြဇာအပြင် ကြက်ချေးနှင့် ဘဲချေးကိုလည်း အော်ဂဲနစ် သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။ ကြက်ချေးဆွေးနှင့် ဘဲချေးဆွေးများကိုလည်း နွားချေးဆွေးကဲ့သို့ပင် သီးပင်စားပင်များအတွက် မြေသြဇာအဖြစ် အသုံးပြုနိုင် ❜**

လတ်ဆတ်သော ဇီဝပစ္စည်း ၉၀ ရာခိုင်နှုန်းနှင့် မြေကြီး ၁၀ ရာခိုင်နှုန်းကို စားသုံးကာ တီကျစ်စာခဲများအဖြစ် ပြန်လည်ထုတ်ပေးသည်။ ထိုကျစ်စာခဲများတွင် ကယ်လ်စီယမ်ဓာတ်များ ပါဝင်ပါသည်။ တီကောင်မြေသြဇာ (Vermicompost) ကို တီကောင်မွေးကန်များပြုလုပ်၍ ထုတ်လုပ်ကြပါသည်။ အိန္ဒိယနိုင်ငံတွင် တီကောင်မြေသြဇာကို ၁၉၉၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တန်ချိန်ပေါင်း ၃ ဒသမ ၅ သန်းခန့် ထုတ်လုပ်ခဲ့သည်ဟု သိရပါသည်။ တီကောင်မြေသြဇာသည် အသီးအပွင့်များကို အောင်မြင်စေသည့်အပြင် အပင်ကိုလည်း ကြီးထွားရှင်သန်စေသည်။ မြေဆီသြဇာကို ကောင်းမွန်စေသလို မြေတွင်းအောက်ဆီဂျင်ကိုပိုရစေသည်။ အစိုဓာတ်ကိုလည်း ကောင်းစွာထိန်းပေးနိုင်သည့် အော်ဂဲနစ်မြေသြဇာဖြစ်ပါသည်။

### အော်ဂဲနစ်ပိုးသတ်ဆေးများ

စိုက်ပျိုးရေးအတွက် မြေဆီမြေသြဇာသည် အလွန်အရေးပါလှပါသည်။ မြေဆီမြေသြဇာ၏ အထောက်အပံ့ကြောင့် သီးနှံများဖြစ်ထွန်းအောင်မြင်သော်လည်း ပိုးဖျက်၍ ပျက်စီးခဲ့ရသည်များလည်းရှိပါသည်။ ထိုဖျက်ပိုးများကို ကာကွယ်ဖို့ရာ ဓာတုပိုးသတ်ဆေးများကို တွင်ကျယ်စွာ အသုံးပြုလာသည်ကို တွေ့ရပါသည်။ ထိုဆေးများသည် ကျန်းမာရေးရှုထောင့်ကနေကြည့်ပါက မကောင်းဟု စာရေးသူယူဆပါသည်။ ထို့ကြောင့် ဓာတုပိုးသတ်ဆေးများအစား အော်ဂဲနစ်ပိုးသတ်ဆေးများ (Organic insecticides) ကို အသုံးပြုသင့်ပါသည်။ အော်ဂဲနစ်ပိုးသတ်ဆေးများမှာ ငရုတ်ပိုးသတ်ဆေး (Chilli insecticide)၊ တမာပိုးသတ်ဆေး (Neem insecticide)၊ ကြက်သွန်ဖြူပိုးသတ်ဆေး (Garlic insecticide) နှင့် ဂန္ဓမာပိုးသတ်ဆေး (Pyrethram insecticide) တို့ဖြစ်ပါသည်။

### ငရုတ်ပိုးသတ်ဆေး

ငရုတ်ပိုးသတ်ဆေးပြုလုပ်ရာတွင် ငရုတ်သီးအစို သို့မဟုတ် ငရုတ်သီးအခြောက်ကို ရေသင့်သလောက်ဖြင့် မိနစ် ၂၀ ခန့် ဆူအောင်ပြုလုပ်ပြီး အအေးခံကာ ထိုငရုတ်သီးအရည်ကိုစစ်ယူ၍ အသုံးပြုခြင်းဖြစ်ပါသည်။ ငရုတ်ပိုးသတ်ဆေးရည်သည် ခြ၊ ပုရွက်ဆိတ်၊ ပေါက်ဖတ်နှင့် ပိုးတုံးလုံးအပါအဝင် အခြားအင်းဆက်ပိုးအချို့ကို နှိမ်နင်းပေးပါသည်။ ငရုတ်ပိုးသတ်ဆေးရည်သည် အော်ဂဲနစ်ပိုးသတ်ဆေးစစ်စစ်ဖြစ်ပါသည်။ ခြွင်းချက်အနေဖြင့် သီးနှံများခူးခါနီးတွင် အသုံးမပြုသင့်တော့ပေ။

### တမာပိုးသတ်ဆေး

တမာပင်သည် နေရာဒေသမရွေးပေါက်ရောက်သောအပင် ဖြစ်ပါသည်။ အထူးသဖြင့် အညာဒေသတွင် အများအပြားတွေ့ရသည်။ ခါးသောအရသာရှိ၏။ တမာပင်မှာ ပိုးသတ်ဆေးအာနိသင်ရှိကြောင်းကို ဂျာမန်စိုက်ပျိုးရေးပညာရှင် "ဆူဒန်" က ၁၉၅၆ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။ တမာပင်၏ အစိတ်အပိုင်းအားလုံးပင် ပိုးမွှားများကို သေစေနိုင်ပါသည်။ တမာပင်သည် လူတို့အတွက် အန္တရာယ်မရှိသော်လည်း သီးနှံဖျက်ပိုးများကို သေစေနိုင်သော အဇာဒီရာ့တင် (Azadirachtin) ဓာတ်ပစ္စည်းပါဝင်သည့် အော်ဂဲနစ်ပိုးသတ်ဆေးတစ်မျိုးဖြစ်ပါသည်။

### ကြက်သွန်ဖြူပိုးသတ်ဆေး

ကြက်သွန်ဖြူ အော်ဂဲနစ်ပိုးသတ်ဆေးပြုလုပ်ပုံသည် ရိုးရှင်းလွယ်ကူသည်ဟု ဆိုရပေမည်။ ပထမဦးစွာ ကြက်သွန်ဖြူ ၁၀ ဥခန့်ကို ဓားဖြင့်စဉ်းကာ ရေတစ်လီတာရှိသော ပုလင်းထဲသို့ထည့်၍ ခြောက်နာရီကြာစိမ်ထားပြီး အရည်ကိုစစ်ယူ၍ အသုံးပြုရပါသည်။ အသုံးပြုခါနီးတွင် ရေလေးဆ ထပ်၍ရောရပါမည်။ ခြွင်းချက်အနေဖြင့် အသီးအနှံများ ခူးဆွတ်ခါနီးအချိန်တွင် အသုံးမပြုသင့်ပါ။ သဘာဝအော်ဂဲနစ် ကြက်သွန်ဖြူပိုးသတ်ဆေးရည်သည် မှိုစွဲနာပိုးများကို ပိုမိုထိရောက်စွာ နှိမ်နင်းပေးနိုင်ပါသည်။ ထို့အပြင် ပေါက်ဖတ်၊ ပိုးတုံးလုံးနှင့် အခြားသောသီးနှံဖျက်ပိုးများကို နှိမ်နင်းပေးနိုင်ပါသည်။

### အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေး အသုံးပြုခြင်းကောင်းကျိုးများ

ယနေ့ခေတ်အသုံးပြုနေကြသော ဓာတုဗေဒဓာတ်မြေသြဇာများက မြေဆီမြေသြဇာကို ခန်းခြောက်ပျက်စီးစေနိုင်သည်ကို စိုက်ပျိုးသူတိုင်း သတိပြုမိမည်ဟုထင်ပါသည်။ ထိုဆေးများသည် မြစ်ချောင်းနှင့် လေထုအတွင်းရောက်ရှိပါက လေထုနှင့် ရေထု ညစ်ညမ်းစေပါသည်။ သောက်သုံးသူ၊ ရှူရှိုက်မိသူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ဓာတုပိုးသတ်ဆေးများသည်လည်း ထိုနည်းအတူပင်ဖြစ်ပါသည်။ စားသုံးသူအတွက် ရေရှည်တွင် ကျန်းမာရေးကိုထိခိုက်စေနိုင်ပါသည်။

**အထူးသဖြင့် ထိုဓာတုဆေးများကြောင့် ယနေ့ခေတ် သေမိန့်ရောဂါဟုဆိုရလောက်သော ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါသည်။ အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေးကို အသုံးပြုပါက သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှုမဖြစ်စေနိုင်ပေ။ အကျိုးပြုအင်းဆက်များကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ စိုက်ပျိုးတောင်သူများအနေဖြင့် ပထမငွေကုန်ကြေးကျ သက်သာစေသည်။ မြေဆီမြေသြဇာပျက်စီးမှုမရှိသဖြင့် အထွက်နှုန်းကို ကောင်းမွန်စေပါသည်။ စားသုံးသူများအနေဖြင့် ဓာတုဆေးကင်းသည့်အတွက် သန့်ရှင်းလတ်ဆတ်သော အသီးအနှံများကို စားသုံးရသဖြင့် ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကင်းဝေးစေပါသည်။ အသီးအနှံတို့၏ အာဟာရသည် ဓာတုဆေးဖြင့် စိုက်ပျိုးသောအသီးအနှံများထက် အရသာပို၍ကောင်းမွန်သည်။ ထိုကဲ့သို့သော ကောင်းကျိုးများကိုရရှိမည့်အပြင် အခြားသောကောင်းကျိုးများစွာကိုလည်း ရရှိစေမည်ဖြစ်ပါသည်။**

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ယနေ့ခေတ်အသုံးပြုနေကြသော ဓာတုဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများ၏ ဘေးထွက်ဆိုးကျိုးကို သိလောက်မည်ဟု ထင်ပါသည်။ ထို့ကြောင့် မြေကြီးကရွှေသီးဖို့အတွက် မြေဆီမြေသြဇာကောင်းရန်လိုသည်။ လူသားတို့ကျန်းမာရေးအတွက် အဆိပ်ကင်းသောအသီးအနှံများကို စားသုံးကြရန်လိုပါသည်။ သို့ဖြစ်၍ ရေရှည်ကိုမျှော်ကိုးကာ အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေးများကို အသုံးပြုကြပါဟု တိုက်တွန်းချင်ပါသည်။ ။

## (၃၁-၃-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်း

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃,၆၅၈.၀၀ | ၅၅၇.၀၀ | ၁၂၅.၃၀ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၁၄၀,၆၇၁.၅၆ | ၇,၈၅၅,၂၅၀.၀၀ | ၂၇,၄၅၅,၉၁၆.၅၄ | ၁၁,၂၃၉,၆၂၀.၅၁ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | ၃,၄၁၄,၄၂၉.၃၆ | | ၄,၁၀၃,၃၂၈.၉၈ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ ဆေးနှင့် ဆေးဝါး ပစ္စည်းကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်း၊ စားသုံးကုန်စည်နှင့် ထုပ်ပိုးမှုပစ္စည်းများတင်သွင်းခြင်း အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။
- ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးခဲ့သည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၂ သန်းအား LNG ကဏ္ဍသို့ လည်းကောင်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ တိရစ္ဆာန်အစာနှင့် ပစ္စည်းကဏ္ဍ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆေးနှင့် ဆေးဝါးပစ္စည်းကဏ္ဍ၊ စားသောက်ကုန်ကြမ်းကဏ္ဍ၊ ပုံနှိပ်ပစ္စည်း ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ သန်းကိုလည်းကောင်း၊ ထိုင်းဘတ် ၄ ဒသမ ၁၀ သန်းအား ဆောက်လုပ်ရေးကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍနှင့် စက်မှု ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။







## ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း အမှုထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု(မွမ်းမံ) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဧပြီ ၂**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန အမှုထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှု (မွမ်းမံ) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ် (၃၄)၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက သင်တန်းတွင် ဌာန၏ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းများ သိရှိလိုက်နာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ/နည်းဥပဒေများ၊ ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ၊ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ဘာသာရပ်ဖြစ်သည့် ရုံးလုပ်ငန်းသဘောတရားနှင့် ပြီးပြည့်စုံသောရုံးလုပ်ငန်း၊ ငွေစာရင်းထိန်းသိမ်းရေးနည်းလမ်းများ၊ ပုံသေပိုင်ပစ္စည်းထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဆုံးရှုံးမှုများအား အရေးယူဆောင်ရွက်ခြင်းစသည့် စီမံခန့်ခွဲမှုဘာသာရပ်များ၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများမှ လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်များ၊ အာမခံလုပ်ငန်းများအား ကြီးကြပ်မှု၊ နိုင်ငံပိုင်ဘဏ်လုပ်ငန်း ကြီးကြပ်ကွပ်ကဲခြင်းနှင့် အောင်ဘာလေထီလုပ်ငန်းများ စစ်ဆေးခြင်း၊ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ဆောင်ရွက်နေမှုများ၊ AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာနှင့် ကြီးကြပ်ရေးအာဏာပိုင်၏ အခန်းကဏ္ဍများ၊ AML/CFT ဆိုင်ရာ Off Site Supervision နှင့် On-Site Inspection စစ်ဆေးခြင်းစသည့် လုပ်ငန်းဘာသာရပ်များကို စာတွေ့လက်တွေ့ ပို့ချပေးခဲ့ကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး နောင်တွင် လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရန်နှင့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာ နိုင်ငံတော်အပေါ် သစ္စာရှိရှိဖြင့် ဌာနတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန် ပြောကြားသည်။

**လက်မှတ်များပေးအပ်**

ထို့နောက် ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က သင်တန်းတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းကို မတ် ၃ ရက်မှ ၂၆ ရက်အထိ ၂၄ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အမှုထမ်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်မွေးတန်ဖိုး ပြည့်ကောင်းကျိုး

- တစ်စေ့ ... နှစ်စေ့ ... သုံးလေးစေ့
  မျိုးစေ့စုံညီ၊ မြေတွင်မှီ၍
  ပင်စည် ထွန်းသစ် "သီးနှံ"ဖြစ်။
- တစ်ကောင် ... နှစ်ကောင် ...သုံးလေးကောင်
  အကောင်မျိုးပြား၊ ခြံတွင် ဖွား၍
  တိုးပွားမျိုးသစ် "အသား" ဖြစ်။
- စိုက် - မွေး ဟူဘိ၊
  လူ၏ စပြု၊ ဝမ်းကျောင်းမှုတည့်
  ယခုထက်တိုင်၊ မပစ်နိုင်တည့်
  မဏ္ဍိုင်စီးပွား၊ လုပ်ငန်းများတည့်
  သားငါးသီးနှံ၊ ပြည့်ဖြိုးလျှံမှ
  နိုင်ငံရိက္ခာ၊ ဖူလုံရာတည့်
  များစွာဦးရေ၊ တိုးပွားနေချိန်
  ရေမြေတစ်စ၊ မကျန်ရအောင်
  စိုက်ကြပျိုးကြ၊ ပိုးတားကြစို့
  မွေးကြမြူကြ၊ ကုသကြစို့
  သိပ္ပံဖွေရှာ၊ နည်းပညာကို
  ကောင်းစွာသုံးပြု၊ စိုက်မွေးမှုလျှင်
  လူ့ဘောင်အကျိုးပြုပေလိမ့်။
  ပြည့်ဝမ်းဗိုက်လျှင် ဖြိုးဝေစိမ့်။

ကို (တက္ကသိုလ်)

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# ရန်ကုန်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ပြင်ဆင်မှုများပြုလုပ်

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မဏ္ဍပ်များ တည်ဆောက်နေမှုနှင့် လမ်းလျှောက်သင်္ကြန်အတွက် ပြင်ဆင်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် ဦးဝိစာရအဝိုင်းမှ အလုံလမ်းတစ်လျှောက် ပြည်လမ်းနှင့် အလုံလမ်းထောင့်အထိ မဏ္ဍပ် ၁၀ ခု တည်ဆောက်နေမှုနှင့် ရေပိုက်လိုင်းသွယ်တန်းတပ်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် ရေကစားမဏ္ဍပ်များ တည်ဆောက်နေမှု၊ ဖျော်ဖြေရေးစင်မြင့် တည်ဆောက်နေမှု၊ လမ်းလျှောက်သင်္ကြန်အတွက် ရေမှုန်ရေမွှားနှင့် လျှောက်လမ်းများ ပြင်ဆင်ထားရှိမှု၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းသည့်ဓလေ့အား ပြည်သူများပါဝင်ဆင်နွဲနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရေပိုက်လိုင်းသွယ်တန်းတပ်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မဏ္ဍပ်များကြံ့ခိုင်ရေး၊ လုံခြုံရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့ မဟာသင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းအကြား မဟာဗန္ဓုလပန်းခြံလမ်းတွင် လမ်းလျှောက်သင်္ကြန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ချို တို့က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ပြောကြားရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးတင်ပြကြသည်။

**အမှာစကား ပြောကြား**

ထို့နောက် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အစည်းအဝေးသို့တက်ရောက်လာကြသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကြံခင်းမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်လျက်ရှိ

**ကြံခင်း မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဌာနကိုယ်စားပြုယိမ်းများနှင့် ရပ်ကွက်/ကျေးရွာယိမ်းအဖွဲ့များ ကြိုတင်လေ့ကျင့်မှုများကို သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ အခြေခံပညာကျောင်းများနှင့် ဘုရားတန်ဆောင်းများတွင် လေ့ကျင့်လျက်ရှိကြသည်။

အဆိုပါယိမ်းအဖွဲ့များမှာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ဗဟိုမဏ္ဍပ်၌ အလှည့်ကျဖျော်ဖြေကြမည့်ယိမ်းအဖွဲ့များဖြစ်ပြီး သင်္ကြန်တေးသံသာများ၊ အကအလှများကို အားသွန်ခွန်စိုက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ၊ ည ၇ နာရီမှ ၉ နာရီအထိ၊ မြို့မရပ်ကွက်၊ ရွှေတောင်စုရပ်ကွက်၊ ရွာသစ်ရပ်ကွက်တို့ရှိ သက်ဆိုင်ရာစုရပ်တို့တွင် နည်းပြဆရာများဖြင့် လေ့ကျင့်လျက်ရှိရာ ထိုသို့လေ့ကျင့်နေမှုများကို ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း (ပြန်/ဆက်)**

# မြန်မာ့ရိုးရာသင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၂**



ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် မြန်မာရိုးရာနှစ်ဦးသင်္ကြန်ကာလ မြို့နယ်ရေကစားမဏ္ဍပ်ပေါ်တွင် ဧည့်ပရိသတ်များကို ကပြဖျော်ဖြေယှဉ်ပြိုင်နိုင်ရေးအတွက် နွေဦးကဗျာ လုပျိုဖြူလေးများက ယိမ်းအက လေ့ကျင့်နေမှုကို မေ ၁ ရက် နံနက် ၁၀ နာရီက အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ ခရိုင်ဒုတိယရဲမှူးကြီး မျိုးအောင်မြင့်၊ ခရိုင်လဝကဦးစီးဌာနမှူး ဦးဗိုလ်မြင့်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လဝကဦးစီးမှူး ဦးဆန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ စီမံအဖွဲ့ဝင် ဦးကျော်သူဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ကျော် တို့က ကွင်းဆင်းကြည့်ရှုကြသည်။

ထို့နောက် တာဝန်ရှိသူတို့က ယိမ်းသမ ကျောင်းသူလေးများအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်နှင့် ရာအိမ်စု၊ ဆယ်အိမ်စု ကိုယ်စားလှယ်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မင်းထက်ပိုင် (လှိုင်သာယာ)**

# ညောင်လေးပင်မြို့၌ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ညောင်လေးပင် မေ ၂**

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ညောင်လေးပင်မြို့နယ်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။



ယခုနှစ်တွင် ညောင်လေးပင်မြို့နယ်အတွင်း ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ ဖွင့်ပွဲပြုလုပ်ဆောင်ရွက်ခြင်း၊ လမ်းလျှောက်သင်္ကြန်နှင့် ရေကစားမဏ္ဍပ်များဆောင်ရွက်ခြင်း၊ စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်း၊ ပိတ်ပွဲပြုလုပ်ဆောင်ရွက်ခြင်းနှင့် နှစ်ဆန်း(၁)ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးဘိုးဘွားပူဇော်ခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ခြင်းများ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ခရိုင်စုပေါင်းရုံးရှေ့ဖျော်ဖြေရေးမဏ္ဍပ်ရန်ကုန်-မန္တလေးကားလမ်းမကြီး၏ တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေရေးယိမ်းအဖွဲ့(၁၃)ယိမ်းရှိ လုပျိုဖြူများက မြန်မာ့ရိုးရာသင်္ကြန်တွင် ညီညာစွာဖျော်ဖြေနိုင်ရေး ယိမ်းအကများလေ့ကျင့်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာ့မီးရထားအနေဖြင့် ကုန်စည်များအဆင်ပြေစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ပါဆယ်ရထားတွဲများချိတ်ဆက်ပြေးဆွဲပေးမည်

**နေပြည်တော် ဧပြီ ၂**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေးနှင့် ကုန်စည်များအား ဈေးနှုန်းသက်သာစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ဘက်ထရီ လျှပ်စစ်စက်ခေါင်းပြောင်းလဲအသုံးပြုပြေးဆွဲခြင်း၊ ရန်ကုန်-မန္တလေးလမ်းပိုင်းနှင့်ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် စားသောက်ကုန်ပစ္စည်းများ ဦးစားပေးသယ်ဆောင်နိုင်ရန် အထူးပါဆယ်ရထားများ စတင်ချိတ်ဆက် ပြေးဆွဲခြင်းနှင့် ရန်ကုန်-ပြည်လမ်းပိုင်း၊ သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းတို့တွင် ပြေးဆွဲနေသော လူစီးရထားများ၌ ပါဆယ်တွဲများ တိုးမြှင့်ချိတ်ဆက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ BEL စက်ခေါင်းဖြင့် ရိုးရိုးတန်းလေးတွဲ၊ ဘရိတ်တွဲ တစ်တွဲ ပါရှိသော "ဂ" အဆက်ရထားတွဲဆိုင်းအား မတ် ၂၅ ရက်တွင် စတင်ပြေးဆွဲပေးခဲ့ပြီး ရန်ကုန် မြို့နေ ခရီးသွားပြည်သူများ ပိုမိုလွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် BEL စက်ခေါင်းဖြင့် ရိုးရိုးတန်း လေးတွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် "ခ" အဆက် ရထားတွဲဆိုင်းအား ဧပြီ ၄ ရက်မှစ၍ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၃၅)အဆန်၊ အမှတ်(၃၆)အစုန် အထူးပါဆယ်ရထားအား ပါဆယ်တွဲ ၁၀ တွဲနှင့် ဘရိတ်တွဲတစ်တွဲ ချိတ်ဆက်၍ လမ်းခရီးတွင် ပဲခူး၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ ဖြူး၊ တောင်ငူ၊ မြို့လှ၊ ပျဉ်းမနား၊ နေပြည်တော်၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သား၊ ကျောက်ဆည်ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်ပြီး တစ်ခေါက်လျှင် ကုန်စည် ပိဿာ ၁၅၁၇၀၀ (၂၄၃ တန်) ကိုတင်ဆောင်နိုင်ပြီး အစုန်/အဆန် ခရီးစဉ်အား ခေါက်ပြန်စနစ်ဖြင့် ဧပြီ ၄ ရက်မှစတင်၍ ပြေးဆွဲပေးမည်ဖြစ်သည်။

အလားတူ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၅) အဆန်၊ အမှတ်(၈၆)အစုန် အထူးပါဆယ်ရထားအား ပါဆယ်တွဲကိုးတွဲ၊ ဘရိတ်တွဲ တစ်တွဲ ချိတ်ဆက်၍ လမ်းခရီးတွင် ပဲခူး၊ ဝေါ၊ သိမ်ဇရပ်၊ ကျိုက်ထို၊ တောင်စွန်း၊ နှင်းပုလဲ၊ သထုံ၊ ပေါင် ဘူတာတို့တွင် ရပ်တန့်မည်ဖြစ်ပြီး တစ်ခေါက်လျှင် ကုန်စည်ပိဿာ ၁၂၈၂၀၀ (၂၀၆ တန်) ကိုတင်ဆောင်နိုင်ပြီး အစုန်/အဆန် ခရီးစဉ်အား ခေါက်ပြန်စနစ်ဖြင့် ဧပြီ၄ ရက်မှစတင်၍ ပြေးဆွဲပေးမည်ဖြစ်သည်။

ထို့ပြင် ဧပြီ ၃ ရက်မှစတင်၍ ရန်ကုန်-ပြည် ရထားလမ်းပိုင်းတွင် ပြေးဆွဲနေသော အမှတ် (၆၃) အဆန်၊ အမှတ်(၆၄) အစုန် စာပို့ရထားများတွင် ပါဆယ်တွဲ သုံးတွဲစီ ချိတ်ဆက်၍ တစ်ခေါက်လျှင် ကုန်စည် ပိဿာ ၃၀၆၀၀ ကိုလည်းကောင်း၊ သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း၌ ပြေးဆွဲနေသော အမှတ် (၁၄၁) အဆန်၊ အမှတ် (၁၄၂) အစုန် စာပို့ရထားများတွင် ပါဆယ်တွဲ နှစ်တွဲစီ ချိတ်ဆက်၍ တစ်ခေါက်လျှင် ကုန်စည်ပိဿာ ၂၅၂၀၀ ကိုလည်းကောင်း ပိုမိုတင်ဆောင်နိုင်မည်ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ကုန်စည်များ သယ်ယူပို့ဆောင်ခကြီးမြင့်မှုကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရန်၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်သည့် မီးရထားဖြင့် ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ သယ်ယူပို့ဆောင်သွားကြရန်၊ ကုန်စည်များ လွယ်ကူ အဆင်ပြေစွာ များများနှင့် မြန်မြန် သယ်ယူပို့ဆောင်နိုင်ရန်၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် စက်သုံးဆီသုံးစွဲမှု လျှော့ချနိုင်ရန်ရည်ရွယ်၍ ရထားများတိုးချဲ့ ချိတ်ဆက်ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❂ **ကုန်သွယ်မှုမှ**

အဆိုပါလမ်းသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုပမာဏအများဆုံး စီးဆင်းရာ တိုင်းရင်းသားပြည်သူများ၏အဓိကအသက်သွေးကြောလမ်းမကြီးဖြစ်ပြီး ဘားအံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၁)ထိ ၁၆၅ ဒသမ ၃၆၀ ကီလိုမီတာ ရှည်လျားကာ အဆိုပါလမ်းကြောင်းပေါ်တွင် အကြမ်းဖက် သောင်းကျန်းသူများ၏ တိုက်ပွဲဖော်ဆောင်မှု၊ လမ်းသားများတူးထုတ်ဖျက်ဆီး၍ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု၊ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွား ပြည်သူများအား အကြမ်းဖက်နှောင့်ယှက်ဟန့်တားမှုတို့ကြောင့် အသုံးပြုသွားလာနိုင်ခြင်းမရှိခဲ့ဘဲ ယခုအခါ တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေကြသော အကြမ်းဖက်သောင်းကျန်းသူများအား ထိထိရောက်ရောက်ချေမှုန်းနိုင်ခဲ့ပြီး နယ်မြေစိုးမိုးမှုပြန်လည်ရရှိခဲ့သည့်အတွက် ပျက်စီးသွားသော လမ်း/တံတားများအား ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေများဖြင့် ပြန်လည်ပြုပြင်ပြီးစီး၍ ယနေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူက အမှာစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်က ဘားအံ-ကော့ကရိတ်-မြဝတီ (အာရှလမ်မကြီး)လမ်းပိုင်းအား ဖွင့်လှစ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြား၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါလမ်းပိုင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်၍ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဘားအံမြို့မှ မြဝတီမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ ဖြတ်သန်းသွားလာမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး အချိုရည်နှင့်မုန့်များ ဝေငှပေးကြသည်။

ယနေ့ ဘားအံ-ကော့ကရိတ်-မြဝတီအာရှလမ်းမကြီး ဖွင့်လှစ်ခဲ့ပြီး ယနေ့ညနေ ၅ နာရီခွဲအထိ စာရင်းများအရ ဘားအံမြို့မှ မြဝတီမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ စုစုပေါင်း ၂၆၉ စီးနှင့် မြဝတီမြို့မှ ဘားအံမြို့သို့ သွားရောက်ကြမည့် ခရီးသည်တင်ယာဉ်များ၊ ကုန်ပစ္စည်းတင်ယာဉ်များနှင့် အိမ်စီးကားများ စုစုပေါင်း ၃၇၁ စီး ကားအစီးရေ စုစုပေါင်း ၆၄၀ တို့ လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာခဲ့ကြသည်။

ထိုသို့ ဘားအံမြို့နှင့်မြဝတီမြို့တို့မှ ထွက်ခွာရောက်ရှိလာကြသော မော်တော်ယာဉ်များကို ကော့ကရိတ်မြို့နယ် တံတားကျိုး စုပေါင်းစစ်ဆေးရေးစခန်း၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ အကောက်ခွန်အစရှိသော ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်၍ အများပြည်သူစိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူစေရေးတို့အတွက် ကူညီဆောင်ရွက်ပေးကြသည်။

အလားတူ ဘားအံ-ကော့ကရိတ်-မြဝတီ (အာရှလမ်း)လမ်းပိုင်းကို အသုံးပြုသွားလာသူများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခ တပ်ဦးကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များက အာရှလမ်းထိပ် သဃ်န်းညီနောင်ကျေးရွာ ဈေးကုန်းရပ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍ သဃ်န်းညီနောင်ကျေးရွာမှ ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာအထိ အာရှလမ်းမကြီး တစ်လျှောက် မော်တော်ယာဉ်များဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်ဘူတာကြီး၌ကျင်းပ



**နေပြည်တော် ဧပြီ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးဝင်းအတွင်းရှိ ဘဝသံသရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ အရာထမ်း အမှုထမ်းများနှင့် မြန်မာ့မီးရထားတိုင်းအသီးသီးမှ အရာထမ်းအမှုထမ်းများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်သူများအား အမှာစကား ပြောကြားသည်။

ထို့နောက် ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လည်းကောင်း၊ ရွှေညောင် ဘဝသံသရာတံတားနှင့် တောင်ကြီး ဘဝသံသရာတံတားတို့၏ ကွေ့နှစ်ခု နှိုင်းယှဉ်သုံးသပ်ချက်နှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်မြို့ပတ်ရထားလမ်း၏ မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများ ပြုပြင်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော မြန်မာ့မီးရထားအတွက် ခေတ်မီစက်ယန္တရားများဖြင့် လမ်းပြုပြင်ထိန်းသိမ်းမှုကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း ဌာနအလိုက် သက်ဆိုင်ရာအင်ဂျင်နီယာများက ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ရထားလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲများအား ပုံမှန်ပြုလုပ်သွားကြရန် မှာကြားသည်။

ဆွေးနွေးတင်ပြချက်များအပေါ် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးသည်။

ရထားလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း နည်းပညာဆိုင်ရာ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲသို့ အရာထမ်းအမှုထမ်း ၉၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သောက်သုံးရေပြတ်လပ်မှု မရှိစေရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေဖြန့်ဖြူးပေးဝေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ တက်ရောက်ကြသည်။



ဦးစွာ မြို့တော်ဝန်က သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ရေစုကန်များအတွင်း ရေအမြဲဖြည့်တင်းထားရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်၍ လိုအပ်ချက်များ သိရှိအောင် ဆောင်ရွက်ရေး၊ လျှပ်စစ်မီးရရှိချိန်တွင် ရေတွန်းစက်ကြီးများနှင့် မြို့နယ်အတွင်းရှိ ထပ်ဆင့်ရေတွန်းစက်များ ဂရုတစိုက်မောင်းနှင်ရေး၊ မြို့နယ်များအတွင်း ရေပေးဝေထားရှိမှု အခြေအနေနှင့် ရေပြတ်လပ်မှု မရှိစေရန်အတွက် ရေစက်မောင်းတာဝန်ခံများ၏ ရေတွန်းစက်များ မောင်းနှင်မှုအား လျှပ်စစ်မီးရရှိမှု အချိန်ဇယားနှင့်ကိုက်ညှိ၍ အထူးဂရုတစိုက် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဇော်သန်းက ရန်ကုန်မြို့နေပြည်သူများသို့ နေ့စဉ် သန့်ရှင်းသော သောက်သုံးရေ ဂါလန် ၂၃၇ သန်းကို ဖြန့်ဖြူးပေးဝေနေမှု၊ ထိုသို့ ဖြန့်ဝေပေးနိုင်ရေးအတွက် ရေအရင်းအမြစ်များဖြစ်သော ဂျိုးဖြူ ဖူးကြီး၊ လှော်ကား၊ ငမိုးရိပ်ရေလှောင်ကန်၊ လဂွန်းပြင် ရေသန့်စင်စက်ရုံတို့မှတစ်ဆင့် ရေတွန်းစက်ကြီးများ၊ ထပ်ဆင့် ရေတွန်းစက်များ အသုံးပြု၍ ရန်ကုန်မြို့တွင်းသို့ ရေပို့ပိုက်မကြီးများ၊ ရေဖြန့်ဝေပိုက်များဖြင့် ဖြန့်ဝေပေးနေမှု၊ ရေအရင်းအမြစ်များရှိ ရေတွန်းစက်ကြီးများသည် ရေပေးဝေရေးစနစ်တွင် အဓိကကျ၍ လျှပ်စစ်ခဏတ်အား ပြတ်တောက်ပြီး ပြန်လည်ရရှိချိန်တွင် ရေတွန်းစက်ကြီးများအား SOP အတိုင်း ချက်ချင်း ပြန်လည်မောင်းနှင်နိုင်ရန် ဆောင်ရွက်ထားမှု၊ ရေတွန်းစက်ကြီးများ ပြန်လည်မောင်းနှင်ရာတွင် မြို့တွင်းသို့ ရေအမြန် ပြန်လည်ရောက်ရှိရန်အတွက် ရေပို့ပိုက်လိုင်းအတွင်း လေခိုမှုများအား မီးသတ်ငုတ်များ၊ Washout များ ဖွင့်ထုတ်၍ လေထုတ်ပေးခြင်းများကို မြို့နယ်တာဝန်ခံများက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နေမှု၊ ရေအခက်အခဲ ဖြစ်ပေါ်သည့် နေရာများသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဌာနရှိ ရေကားများဖြင့် လိုက်လံပေးဝေဆောင်ရွက်ပေးနေမှု၊ ရေပေးဝေရေးစခန်းများရှိ ရေစုကန်များတွင် ရေတိုင်များထားရှိ၍ ရေကားများ အလွယ်တကူ ရေရယူနိုင်ရန်ဆောင်ရွက်ထားရှိမှု၊ ရေအားဖြည့် အဝီစိတွင်းများကိုလည်း ရပ်ကွက်မီးလာချိန် အချိန်ဇယားများနှင့်ကိုက်ညှိ၍ မောင်းနှင်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး မြို့နယ် ရေဖြန့်ဖြူးပေးဝေရေး တာဝန်ခံများက မြို့နယ်အတွင်းရှိ ရေတွန်းစက်မောင်းနှင်မှုနှင့် ရေရရှိမှုအခြေအနေကို တင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတုံမြို့၌ လျှင်ဘေးအန္တရာယ်ဆိုင်ရာကာကွယ်ရေး အသိပေးဟောပြော

ကျိုင်းတုံ မေ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မန္တလေးငလျင်ကြီး တစ်နှစ်ပြည့်အဖြစ် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေး အသိပေးဟောပြောပွဲကို ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ယနေ့ ကျင်းပသည်။



### ဟောပြော

ဟောပြောပွဲတွင် ကျိုင်းတုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ တာဝန်ရှိသူများက ငလျင်မလှုပ်မီ၊ ငလျင်လှုပ်စဉ်နှင့် ငလျင်လှုပ်ပြီးချိန်များတွင် ပြုလုပ်ကြရမည့်နည်းလမ်းများ၊ ကာကွယ်နိုင်ရေးနည်းလမ်းများ၊ ငလျင်ကြီးများမလှုပ်မီ သဘာဝအလျောက်ကြိုတင်သိရှိနိုင်သည့်အခြေအနေများကို တက်ရောက်လာသည့် ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ဘားအံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

ဘားအံ မေ ၂

ဘားအံမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၆) ဆင်းပွဲကို မတ် ၃၁ ရက် နံနက်ပိုင်းက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဘားအံခရိုင် မီးသတ်စခန်း၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

အဆိုပါသင်တန်းကို အရန်မီးသတ် တပ်ဖွဲ့ဝင်များ၏ ကယ်ဆယ်ရေးစွမ်းရည်တိုးတက်မြင့်မားစေရန်၊ နိုင်ငံတကာ၌ ကျင့်သုံးနေသော အသက်ကယ်လုပ်ငန်းစဉ်များနှင့် နည်းစနစ်များအား သိရှိနားလည် ကျွမ်းကျင်တတ်မြောက်ပြီး မိမိနေထိုင်ရာဒေသကို အကျိုးပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကိုဘားအံမြို့ပေါ်ရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းသားများက အသက်ကယ်စွမ်းရည်သရုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ကမ္ဘာကသိသည့် မြန်မာ့ဂုဏ်ဆောင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားအဆင့် အမှတ်တံဆိပ်

**မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်တစ်လျှောက်တွင် သနပ်ခါးသည် မြန်မာတို့၏ နေ့စဉ်ဘဝနှင့် ခွဲခြား၍မရအောင် ဒွန်တွဲနေသော အဖိုးတန်ရတနာတစ်ပါး ဖြစ်ပါသည်။ ရှေးဘုရင်များလက်ထက်မှသည် ယနေ့ခေတ်ကာလအထိ လူတန်းစားမရွေး၊ ကျားမ မရွေး အသုံးပြုကြသည့် သနပ်ခါးသည် ရိုးရာအလှအပ ပစ္စည်းတစ်ခုထက်ပိုလွန်ကာ မြန်မာတို့၏ ဝိသေသလက္ခဏာ (National Identity) ကို ထင်ဟပ်စေသည့် ပြယုဂ်တစ်ခုဖြစ်ပါသည်။**

ရွှေစင်ထွန်း (အညာမြေ)

စိမ်းစိုသော သနပ်ခါးတောများမှ ထွက်ရှိသည့် သနပ်ခါးနံ့သာသည် မြန်မာ့မြေဆီလွှာ၏ ရနံ့ဖြစ်သကဲ့သို့ ပါးပြင်ပေါ်ရှိ သနပ်ခါးကွက်များသည်လည်း မြန်မာတို့၏ ရိုးသားဖြူစင်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ညွှန်းနေပါသည်။ ယနေ့ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) အဖြစ် အသိအမှတ်ပြုခံရခြင်းသည် မြန်မာ့သနပ်ခါးကို ကမ္ဘာက အလေးအနက်ထား လေးစားလာရသည့် သက်သေပင် ဖြစ်ပါသည်။



### သနပ်ခါး၏ သမိုင်းမြစ်ဖျားနှင့် ရှေးဟောင်းအထောက်အထားများ

မြန်မာ့သနပ်ခါး၏သမိုင်းသည် ပုဂံခေတ်မတိုင်မီ ပျူခေတ်ကတည်းက စတင်ခဲ့ကြောင်း ရှေးဟောင်းသုတေသန အထောက်အထားများက ဖော်ပြနေပါသည်။ သရေခေတ္တရာမြို့ဟောင်း တူးဖော်မှုများတွင် သနပ်ခါးသွေးသည့် ကျောက်ပျဉ်ချပ်များကို တွေ့ရှိရခြင်းက မြန်မာတို့ သနပ်ခါးကို အသုံးပြုခဲ့သည်မှာ နှစ်ပေါင်းထောင်ချီကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သက်သေပြနေပါသည်။

### ရိုးရာယဉ်ကျေးမှုနှင့် သနပ်ခါး၏ အခန်းကဏ္ဍ

သနပ်ခါးသည် မြန်မာ့လူနေမှုစနစ်တွင် မွေးဖွားချိန်မှ ကွယ်လွန်ချိန်အထိ ပါဝင်ပတ်သက်နေပါသည်။ ကလေးငယ်များကို ရေချိုးပေးပြီးနောက် သနပ်ခါးလူးပေးခြင်း၊ ပျိုမေတို့ အလှပြင်ခြင်းနှင့် ဘာသာရေးပွဲလမ်းသဘင်များတွင် သနပ်ခါးကို အသုံးပြုခြင်းသည် ခိုင်မာသည့် ရိုးရာဓလေ့တစ်ခု ဖြစ်ပါသည်။

### ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းခြင်း

မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်တို့၏ ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Representative List of the Intangible Cultural Heritage of Humanity) စာရင်းသို့ တင်သွင်းခြင်းသည် နိုင်ငံတကာမှ မြန်မာ့ရိုးရာကို အသိအမှတ်ပြုစေရန်လုပ်ဆောင်သည့် သမိုင်းဝင်ခြေလှမ်းတစ်ခု ဖြစ်ပါသည်။

### ဒြပ်မဲ့အမွေအနှစ် (Intangible Heritage) ဟု သတ်မှတ်ရသည့် အကြောင်းရင်း

ယူနက်စကိုအနေဖြင့် သနပ်ခါးပင်ကိုသာမက သနပ်ခါးကို စိုက်ပျိုးခြင်း၊ သွေးခြင်း၊ လိမ်းခြယ်ခြင်းနှင့် ယင်းနှင့်ဆက်နွယ်နေသည့် လူမှုရေးယဉ်ကျေးမှု ဖြစ်စဉ်တစ်ခုလုံးကို အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းဖြစ်ရာ ဤသည်မှာ လူသားတို့၏ ဖန်တီးနိုင်စွမ်းကို ဂုဏ်ပြုခြင်းပင်ဖြစ်ပါသည်။

### သနပ်ခါးနှင့် မြန်မာ့အနုသုခုမပညာရပ်များ

မြန်မာ့ကဗျာ၊ သီချင်းနှင့် စာပေများတွင် သနပ်ခါးကို အမွမ်းတင်ရေးဖွဲ့ခဲ့ကြပါသည်။ "ပါးပြင်ပေါ်က သနပ်ခါး"သည် မြန်မာ့အလှတရား၏ သင်္ကေတအဖြစ် ကမ္ဘာကျော်စာပေပညာရှင်များနှင့် ခရီးသွားများအကြား ရေပန်းစားခဲ့ပါသည်။

### သဘာဝဆေးဖက်ဝင် အကျိုးအာနိသင်များနှင့် ကျန်းမာရေး

သနပ်ခါးသည် အလှအပအတွက်သာမက အရေပြားရောဂါများကို ကာကွယ်ပေးခြင်း၊ နေလောင်ဒဏ်မှ ကာကွယ်ပေးခြင်းနှင့် ကိုယ်ခန္ဓာကို အေးမြစေခြင်း စသည့်ဆေးဖက်ဝင်ဂုဏ်သတ္တိများစွာ ပိုင်ဆိုင်ထားသောကြောင့် "သဘာဝဓာတ်ခွဲခန်းမှ ထွက်ရှိသော ဆေးရတနာ"ဟု ခေါ်ဆိုနိုင်ပါသည်။

### သနပ်ခါးစိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေး

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သနပ်ခါးစိုက်ပျိုးခြင်းသည် ဒေသခံပြည်သူတို့၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ သနပ်ခါးကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနေခြင်းဖြစ်ပါသည်။

### အညာမြေ၏သင်္ကေတနှင့် သနပ်ခါးပွဲတော်များ

သနပ်ခါးသည် အညာဒေသ၏ ဝိသေသဖြစ်ပြီး ရွှေဘိုသနပ်ခါး၊ အရာတော်သနပ်ခါးစသည်ဖြင့် ဒေသအလိုက်ထွက်ရှိသော သနပ်ခါးများမှာ ထင်ပေါ်ကျော်ကြားလျက်ရှိပါသည်။ သနပ်ခါးနှင့် ပတ်သက်သည့်ပြိုင်ပွဲများ၊ ပွဲတော်များသည် မြန်မာ့ခရီးသွားကဏ္ဍကို ဆွဲဆောင်သည့်အချက်များ ဖြစ်လာပါသည်။

### International Trademark အဖြစ် ဖော်ဆောင်ခြင်း

မြန်မာ့သနပ်ခါးကို ကမ္ဘာ့ဈေးကွက်တွင် အခြားနိုင်ငံများမှ အတုအပမပြုလုပ်နိုင်ရန်နှင့် မြန်မာ့မူပိုင်အဖြစ် တရားဝင်ရပ်တည်နိုင်ရန် နိုင်ငံတကာကုန်အမှတ်တံဆိပ် (International Trademark) အဖြစ် ခိုင်မာစွာတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။

### သနပ်ခါးတန်ဖိုးမြှင့် ထုတ်ကုန်များ

ရိုးရာအတိုင်းသွေးလိမ်းရုံသာမက သနပ်ခါးကို အခြေခံသည့် အလှကုန်ပစ္စည်းများ၊ လိုးရှင်း (Lotion)များ၊ ဆပ်ပြာများနှင့် ပေါင်ဒါများကို ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်ကာ ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ရှာဖွေနိုင်မည်ဖြစ်ပါသည်။

### အရည်အသွေးထိန်းသိမ်းခြင်းနှင့် ဓာတ်ခွဲစစ်ဆေးမှုများ

နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရာတွင် သနပ်ခါး၏သန့်စင်မှုနှင့် အရည်အသွေးကို စနစ်တကျ စစ်ဆေးရန် လိုအပ်ပါသည်။ သဘာဝစစ်စစ်ဖြစ်ကြောင်း အာမခံချက်ပေးနိုင်ခြင်းသည် ကမ္ဘာ့အဆင့်မီ အမှတ်တံဆိပ်ဖြစ်လာစေမည့် သော့ချက်ပင်ဖြစ်ပါသည်။

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သနပ်ခါး

သနပ်ခါးပင်များကို စနစ်တကျစိုက်ပျိုးခြင်းဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်သကဲ့သို့ ဂေဟစနစ်ထိန်းသိမ်းရေးတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

### လူငယ်မျိုးဆက်သစ်နှင့် သနပ်ခါးယဉ်ကျေးမှု

ခေတ်ပေါ် အလှကုန်ပစ္စည်းများအကြားတွင် မြန်မာလူငယ်များအနေဖြင့် မိမိတို့၏ ရိုးရာသနပ်ခါးကို ဂုဏ်ယူစွာ ဆက်လက်အသုံးပြုကြရန် တိုက်တွန်းနှိုးဆော်ခြင်းသည် အမွေအနှစ်မပျောက်ပျက်စေရန် ထိန်းသိမ်းခြင်းပင် ဖြစ်ပါသည်။

### ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့် သနပ်ခါးပြတိုက်များ

မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများ သနပ်ခါးအကြောင်းလေ့လာနိုင်ရန် သနပ်ခါးပြတိုက်များ၊ သနပ်ခါးစိုက်ခင်းများကို ခရီးသွားနေရာများအဖြစ် ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

### အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

သနပ်ခါးကို ယူနက်စကိုစာရင်းဝင်ဖြစ်ရေးနှင့် ကမ္ဘာ့ဈေးကွက်ထိုးဖောက်ရေးတို့တွင် အစိုးရ၏ မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုတို့ ဟန်ချက်ညီရန် လိုအပ်ပါသည်။

### အာဆီယံနှင့် ဒေသတွင်း ယဉ်ကျေးမှုဖလှယ်ခြင်း

အာဆီယံနိုင်ငံများကြားတွင်လည်း မြန်မာ့သနပ်ခါးကို ယဉ်ကျေးမှုသင်္ကေတတစ်ခုအဖြစ် မိတ်ဆက်ခြင်းဖြင့် ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေပြီး မြန်မာ့ပုံရိပ်ကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

### မျိုးရိုးဗီဇထိန်းသိမ်းခြင်း

အရည်အသွေးကောင်းမွန်သော သနပ်ခါးမျိုးစေ့များကို ထိန်းသိမ်းခြင်းနှင့် မျိုးပွားခြင်း နည်းပညာများကို အသုံးပြုကာ မြန်မာ့မြေတွင်သာ ရရှိနိုင်သော ထူးခြားသည့် မျိုးစိတ်များ မပျောက်ပျက်အောင် ကာကွယ်ရမည် ဖြစ်ပါသည်။

### ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကမ္ဘာသို့ ချပြခြင်း

Social Media နှင့် Digital Marketing နည်းလမ်းများကို အသုံးပြုကာ မြန်မာ့သနပ်ခါး၏ အလှတရားနှင့် အသုံးဝင်ပုံများကို ကမ္ဘာအနှံ့ သိရှိအောင် ဝါဒဖြန့်ချိခြင်းသည် နိုင်ငံတကာ Trademark ဖြစ်စေရန် အရေးကြီးသော လုပ်ဆောင်ချက် ဖြစ်ပါသည်။

### နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် သနပ်ခါး

သနပ်ခါးသည် မြန်မာ့မြေမှ ပေါက်ပွားသော မြန်မာ့ရတနာဖြစ်သည့်အတွက် ယင်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့၏အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းလည်း ဖြစ်ပါသည်။

ဆိုရပါလျှင် မြန်မာ့သနပ်ခါးသည် သာမန်သစ်သားတုံးလေးတစ်တုံးမဟုတ်ဘဲ မြန်မာတို့၏ နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ခွန်အားများ ကိန်းအောင်းနေသည့်အရာ ဖြစ်ပါသည်။ ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရခြင်းသည် အဆုံးသတ်မဟုတ်ဘဲ မြန်မာ့သနပ်ခါးကို ကမ္ဘာ့အဆင့်မီအမှတ်တံဆိပ်တစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်စေရန် စတင်သည့်ခြေလှမ်းသစ်သာ ဖြစ်ပါသည်။ မြန်မာလူမျိုးအားလုံးသည် မိမိတို့၏ အဖိုးတန်ရတနာဖြစ်သော သနပ်ခါးယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားလျက်၊ မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းကာ ကမ္ဘာ့အလယ်တွင် "မြန်မာဆိုလျှင် သနပ်ခါး၊ သနပ်ခါးဆိုလျှင် မြန်မာ" ဟူသည့် ဂုဏ်ရည်ကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း လေးနက်စွာ တိုက်တွန်းရေးသားအပ်ပါသည်။ ။



> "မြန်မာ့သနပ်ခါးသည် မြန်မာတို့၏ နှစ်ပေါင်းထောင်ချီသော သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်ခွန်အားများ ကိန်းအောင်းနေသည့်အရာ ဖြစ်ပါသည်။ ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရခြင်းသည် အဆုံးသတ်မဟုတ်ဘဲ မြန်မာ့သနပ်ခါးကို ကမ္ဘာ့အဆင့်မီအမှတ်တံဆိပ်တစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်စေရန် စတင်သည့် ခြေလှမ်းသစ်သာဖြစ်"

# ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)နှင့် Carbon Monoxide(CO) စသည့် အဓိက Parameter (၆)မျိုးကို (၂၄)နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ဆေးကုသမှုခံယူရင်းမှ ကွယ်လွန်ခဲ့ရသည့် မြန်မာအလုပ်သမား မောင်စန်းယု၏ ကိစ္စရပ်များကို အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာသံရုံး၊ ဆိုးလ်တို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

ဆိုးလ် ဧပြီ ၂

ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဂီပြည်နယ် ဟွာဆောင်းမြို့ရှိ သတ္တုပစ္စည်းနှင့် အစိတ်အပိုင်းများ ထုတ်လုပ်သော MARU TECH စက်ရုံ၌ တရားဝင်လာရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမား မောင်စန်းယုသည် မတ် ၂၄ ရက်တွင် အလုပ်လုပ်ကိုင်နေစဉ် စက်အတွင်း ခန္ဓာကိုယ်ညပ်ဝင်သွားခဲ့ပြီး ဦးခေါင်းခွံနှင့် မျက်ရိုးများ ကျိုးပဲ့ခြင်း၊ လည်ပင်းဆစ်ရိုးလွဲသွားခြင်း စသည့် ဒဏ်ရာများရရှိခဲ့ရာမှ ဦးနှောက်တွင်းသွေးယိုစိမ့်ခြင်း၊ အောက်ဆီဂျင်မရရှိခြင်းတို့ကြောင့် နှလုံးရပ်တန့်သွားခဲ့သည်။



အလုပ်ရှင်က ဆူဝမ်မြို့ Ajou တက္ကသိုလ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ရာ Cardiac Arrest ကုသမှုကြောင့် နှလုံးပြန်ခုန်ရန် ပြန်လည်ပြုလုပ်နိုင်ခဲ့သော်လည်း အဆုတ်နှင့် သွေးကြောမကြီးများတွင် ဒဏ်ရာရရှိခြင်းနှင့်အတူ နှလုံးခုန်နေမှုသာရှိပြီး ဦးနှောက်အလုပ်မလုပ်တော့သည့် အခြေအနေတွင် အလုပ်ရှင်က မြန်မာသံရုံး ဆိုးလ်မြို့သို့ မတ် ၂၇ ရက်က ဆက်သွယ်လာခဲ့သည်။

မြန်မာသံရုံး ဆိုးလ်မြို့က သက်ဆိုင်ရာနှင့် ဆက်သွယ်ပြီး သံရုံးရှိ အလုပ်သမားသံအရာရှိက ဆူဝမ်မြို့ရှိ Ajou တက္ကသိုလ်ဆေးရုံသို့ မတ် ၂၈ ရက်တွင် သွားရောက်ကာ ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ICU ခန်းအတွင်းရှိ လူနာ၏ အခြေအနေကြည့်ရှုခြင်းတို့ ဆောင်ရွက်ရာ မြန်မာအလုပ်သမားလူနာသည် နှလုံးခုန်နေရုံမျှသာရှိနေပြီး ဆေးအထောက်အကူပစ္စည်းများဖြင့်သာ အသက်ရှင်နေသည့် အနေအထားတွင်ရှိနေကြောင်း သိရှိခဲ့ရသည်။

တစ်ဆက်တည်းမှာပင် ဆိုးလ်မြို့၌ အလုပ်လုပ်ကိုင်နေသည့် ဆွေမျိုးသားချင်းတော်စပ်သူများထံ ဆက်သွယ်ပြီး လူနာအခြေအနေကို ရှင်းပြခြင်း၊ မြန်မာနိုင်ငံမှ ဇနီးဖြစ်သူ ဒေါ်အိအိသွယ်ထံ Video Call ခေါ်ဆို၍ အခြေအနေရှင်းပြခြင်းများ ဆောင်ရွက်ကာ မောင်စန်းယု၏ ဆေးကုသမှုခံယူနေမှုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးနိုင်သည့် ဇနီးဖြစ်သူ၏ ဆန္ဒအရ ဆိုးလ်မြို့သို့ လာရောက်နိုင်ရေးအတွက် မြန်မာသံရုံး ဆိုးလ်မြို့က ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး(ရန်ကုန်မြို့)ထံ ဆက်သွယ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မောင်စန်းယုသည် မတ် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ကွယ်လွန်သွားခဲ့ရာ ဇနီးဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့ ဆိုးလ်မြို့သို့ လိုက်လာသည့်ခရီးစဉ် အဆင်ပြေချောမွေ့စေရေးအတွက် အလုပ်သမားဝန်ကြီးဌာန အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီက လိုက်ပါကူညီဆောင်ရွက်ပေးခဲ့သည်။ ကွယ်လွန်သူ၏ဇနီး ဒေါ်အိအိသွယ်နှင့် အဒေါ်တို့သည် ဆိုးလ်မြို့သို့ ယနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိလာရာ မြန်မာသံရုံး၊ အလုပ်သမားသံအရာရှိက အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ သွားရောက်ကြိုဆိုသည်။

သံရုံး ယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင်က ကွယ်လွန်သူ၏ ဇနီးဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့အား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။ မောင်စန်းယုသည် နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရားဝင် လာရောက်အလုပ်လုပ်ကိုင်သူဖြစ်သဖြင့် လုပ်ငန်းခွင်အတွင်းထိခိုက်မှုကြောင့် သေဆုံးခဲ့ရမှုအတွက် ရသင့်ရထိုက်သည့် အခွင့်အရေးများ အပြည့်အဝရရှိရေး သက်ဆိုင်ရာနှင့် ချိတ်ဆက်ပြီး ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာသံရုံး ဆိုးလ်မြို့သည် ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် တရားဝင် အလုပ်လုပ်ကိုင်နေသူ အလုပ်သမားများ၊ ပညာတော်သင်များ အပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အရေးကိစ္စနှင့်ပတ်သက်၍ သိရှိရမှုအပေါ်မူတည်ပြီး လိုအပ်သည့် ကူညီဆောင်ရွက်မှုများ၊ ချိတ်ဆက်ညှိနှိုင်းပေးမှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးသည် ခရိုင်မီးသတ်တပ်ဖွဲ့တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ငွေပင်လယ်(၄)လမ်း ငွေပင်လယ်စက်မှုဇုန် အမှတ်(၂/၃)ရှိ မြန်မာစိုးစံဝင်း ဖိနပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် စက်ရုံ၌ တပ်ဆင်ထားသည့် Firefighting Systems များ အလိုအလျှောက် မီးငြိမ်းသတ်နိုင်မှု ရှိ/မရှိ စက်ရုံအတွင်း လေဝင်/လေထွက်စနစ်များ စီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ မီးလောင်မှုဖြစ်ပွားလာပါက အနီးဆုံး မီးသတ်ပစ္စည်းများကို အသုံးပြု၍ အမြန်ဆုံးမီးသတ်နိုင်ရေး ရှိ/မရှိ၊ မီးငြိမ်းသတ်ယာဉ်များ အသင့် ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးအန္တရာယ် ဖြစ်လာပါက ရေရရှိရေး ကြိုတင်စီစဉ်ထားရှိရန်၊ ဘွိုင်လာအသုံးပြုရာမှ မီးလောင်မှုမဖြစ်ပွားစေရေးနှင့် 191 Report Application အား စက်ရုံရှိဝန်ထမ်းများသုံးစွဲရေး မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဗဟန်းမြို့နယ် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ မီးဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်

ရန်ကုန် ဧပြီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန လက်အောက်ရှိ ဗဟန်းမြို့နယ် ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ၏ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ စမ်းချောင်းမြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရဆွေက မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး သန္ဓေတပ်ဖွဲ့ဝင်များက စက်ရုံမှူးဦးဆောင်၍ ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို လက်တွေ့လေ့ကျင့်ပြသခဲ့ကြောင်း သိရသည်။ **အာကာ**



လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်းအားမမျှ မသုံးရ

# ကုလသမဂ္ဂအကြီးအကဲ ရာထူးနေရာအတွက် ကနဦးအနေဖြင့် လေးဦးကို အမည်စာရင်းတင်သွင်းထား

ကုလသမဂ္ဂ ဧပြီ ၂

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နေရာကို ဆက်ခံမည့် ကုလသမဂ္ဂအကြီးအကဲ ရာထူးနေရာအတွက် ကနဦးအနေဖြင့် လေးဦးကို အမည်စာရင်းတင်သွင်းထားကြောင်း သိရသည်။

ဂူတာရက်စ်သည် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည့် ဒုတိယငါးနှစ်သက်တမ်းကို ထမ်းဆောင်လျက်ရှိသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းရန် အဖွဲ့ဝင်နိုင်ငံများကို ယမန်နေ့က တောင်းဆိုခဲ့သည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖယ်ဂရိုစီနှင့် ချီလီသမ္မတဟောင်း မစ်ရှဲလ် ဘာချီလတ်တို့သည် ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းခံခဲ့ရသည်။

အလားတူ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံ အထွေထွေအတွင်းရေးမှူးချုပ် ရီဘီကာ ဂရေစပန်နှင့် ဆီနီဂေါသမ္မတဟောင်း မက်စကီဆောလ်တို့လည်း အဆိုပါရာထူးနေရာအတွက် အမည်စာရင်းတင်သွင်းခံထားရကြောင်း သိရသည်။

အခြားသော ကိုယ်စားလှယ်လောင်းများကိုလည်း မကြာမီ အမည်စာရင်းတင်သွင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအမည်စာရင်းတင်သွင်းထားသူလေးဦး အနက် ကိုယ်စားလှယ်လောင်းနှစ်ဦးမှာ အမျိုးသမီးများဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးနေရာတွင် ယခင်က အမျိုးသမီးများ တာဝန်ထမ်းဆောင်ဖူးခြင်းမရှိသည့်အတွက် အမျိုးသမီးများကို အမည်စာရင်းတင်သွင်းရန် တောင်းဆိုလျက်ရှိသည်။

ကိုယ်စားလှယ်လောင်းများသည် ဧပြီ ၂၀ ရက်မှစတင်ပြီး အပြန်အလှန် ဆွေးနွေးမှုများတွင် ပါဝင်မည်ဖြစ်သည်။

လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်များသည် အတွင်းရေးမှူးချုပ်အသစ်ကို ရွေးချယ်ရာတွင် အဓိကနေရာတွင် ပါဝင်သည်။ ကုလသမဂ္ဂ အကြီးအကဲအသစ်တစ်ဦးကို ခန့်အပ်ရန်အတွက် လုံခြုံရေးကောင်စီ၏ထောက်ခံချက် လိုအပ်သည်။




**ကိုးကား – အင်န်အီတီချဲကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၌ ပြင်းအား မဂ္ဂနီကျူ ၇ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခတ်

ဂျကာတာ ဧပြီ ၂

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း မာလူကူဒေသ၌ ယနေ့နံနက်ပိုင်းတွင် ပြင်းအား မဂ္ဂနီကျူ ၇ ဒသမ ၆အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။



မြောက်ပိုင်း ဆူလာဝေဆီပြည်နယ် မီနာဟာဆာဒေသရှိ အသက် ၇၀ အရွယ် ဒေသခံတစ်ဦးသည် ငလျင်လှုပ်ခတ်စဉ် အဆောက်အအုံပြိုကျခြင်းကြောင့် အပျက်အစီးများကြားတွင် ပိတ်မိသေဆုံးခဲ့ကြောင်း မြောက်ဆူလာဝေဆီပြည်နယ် ရှာဖွေကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားသည်။ မြောက်ဆူလာဝေဆီပြည်နယ် ဗီတန်မြို့နှင့် ပတ်ဝန်းကျင်ဒေသတွင် စက္ကန့် ၂၀ ကြာ ငလျင်လှုပ်ခတ်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေးလျှော့ချရေးအေဂျင်စီက ပြောကြားသည်။

ငလျင်လှုပ်ခတ်မှုကြောင့်ဒေသခံများ အိမ်များမှပြေးထွက်လာခြင်းနှင့် အဆောက်အအုံမျက်နှာကြက်များပျက်စီးခြင်းကို လူမှုမီဒီယာများတွင် ပြသခဲ့သည်။

ဒေသခံများနှင့် ကမ်းရိုးတန်းဒေသများတွင်နေထိုင်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် တာဝန်ရှိသူများကညွှန်ကြားခဲ့သည်။ **ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်နိုင်ရေး နည်းလမ်းကောင်းများ ဆွေးနွေး

လန်ဒန် ဧပြီ ၂

ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နည်းလမ်းကောင်းများဆွေးနွေးရန် နိုင်ငံစုံအစည်းအဝေးတစ်ခု ကျင်းပမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံက ယနေ့ ကြေညာသည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဗက်တီကူးပါးက အဆိုပါဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်းနှင့် နိုင်ငံပေါင်း ၃၅ နိုင်ငံ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမာက သတင်းထောက်များကို ပြောကြားသည်။

ပါဝင်ဆွေးနွေးမည့်နိုင်ငံများက လွတ်လပ်စွာ ရေကြောင်းသွားလာနိုင်ရန်၊ ပိတ်မိနေသောသင်္ဘောများနှင့် သင်္ဘောသားများ၏ ဘေးကင်းရေးအပါအဝင် အရေးကြီးသော ကုန်စည်များ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် အလားအလာရှိသော သံတမန်ရေးနှင့် နိုင်ငံရေးဆိုင်ရာ အစီအမံအားလုံးကို အကဲဖြတ်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဆွေးနွေးပွဲကို အွန်လိုင်းမှတစ်ဆင့် ကျင်းပမည်ဖြစ်ကြောင်း ဗြိတိန်အစိုးရ သတင်းရင်းမြစ်များက ပြောကြားသည်။ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါ၊ ဂျပန်နှင့် ယူအေအီး အပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံက ရေလမ်းကြောင်းများ ပြန်လည်ဖွင့်ပေးရန်အတွက် အီရန်အား တိုက်တွန်းမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အီတီချဲကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အာကာသယာဉ်မှူးများလိုက်ပါသည့် အာကာသယာဉ် လကမ္ဘာပေါ်သို့ အောင်မြင်စွာလွှတ်တင်

ဝါရှင်တန် ဧပြီ ၂

အမေရိကန် အာကာသအေဂျင်စီနာဆာ (NASA) က လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ လိုက်ပါသည့် အာကာသယာဉ်ကို ယမန်နေ့က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။



အဆိုပါအာကာသယာဉ်သည် ရာစုနှစ်တစ်ဝက်ကျော်အတွင်း ပထမဆုံး အာကာသယာဉ်မှူးများ လိုက်ပါသည့် နိုင်ငံတကာ အာတီမီ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

အာကာသယာဉ်ကို သယ်ဆောင်လာသည့် ဒုံးပျံကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီ အာကာသယာဉ်လွှင်တင်ရေးစခန်းမှ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၃၅ မိနစ်တွင် လွှင့်တင်ခဲ့သည်။

အမေရိကန်နိုင်ငံသား သုံးဦးနှင့် ကနေဒါနိုင်ငံသား တစ်ဦးတို့ လိုက်ပါသည့် Orion အာကာသယာဉ်သည် ဒုံးပျံနှင့် အောင်မြင်စွာခွဲထုတ်ပြီး လကမ္ဘာပေါ်သို့ သွားရန် စီစဉ်ထားသော လမ်းကြောင်းပေါ်သို့ အနေအထားမှန်ကန်စွာဖြင့် ဖြန့်ကြက်ရောက်ရှိခဲ့သည်။

အာကာသယာဉ်မှူးများက လပေါ်သို့ လှည့်ပတ်ပျံသန်းပြီး ၁၀ ရက်ခန့်အကြာတွင် ကမ္ဘာမြေပေါ်သို့ ပြန်လာရန် စီစဉ်ထားကြောင်း သိရသည်။ ၎င်းတို့သည် ခြောက်ရက်မြောက်နေ့တွင် လကမ္ဘာနှင့် အနီးဆုံးနေရာသို့ ရောက်ရှိမည်ဖြစ်သည်။

၎င်းတို့သည် လမျက်နှာပြင်ကို ဓာတ်ပုံရိုက်ခြင်း အပါအဝင် အာကာသယာဉ်နှင့် ကမ္ဘာမြေတို့အကြား ဆက်သွယ်မှုနှင့် အသက်ကယ်ဆယ်ရေး စနစ်များကို စမ်းသပ်သွားမည်ဖြစ်သည်။

ယခုတစ်ကြိမ်တွင် အာကာသယာဉ်မှူးများသည် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်မည်မဟုတ်သော်လည်း ၎င်းတို့သည် သမိုင်းတစ်လျှောက် ကမ္ဘာမှအဝေးဆုံးသို့ ခရီးထွက်နိုင်သူအဖြစ် မှတ်တမ်းဝင်သွားမည်ဖြစ်သည်။

**ကိုးကား – အင်န်အီတီချဲကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အရှေ့အလယ်ပိုင်းပဋိပက္ခ အမြန်ဆုံး အဆုံးသတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် တရုတ်တောင်းဆို

ပေကျင်း ဧပြီ ၂

အရှေ့အလယ်ပိုင်းပဋိပက္ခတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံများအနေဖြင့် စစ်ရေးအရတိုက်ခိုက်မှုများကို အမြန်ဆုံးအဆုံးသတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရေးအတွက် ဆောင်ရွက်ရန် တရုတ်နိုင်ငံက တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာအိုနင်က ဧပြီ ၂ ရက်တွင်ပြောကြားသည်။

ရှေ့လာမည့် သီတင်းနှစ်ပတ်မှ သုံးပတ်အတွင်း အီရန်အား တိုက်ခိုက်မည်ဟု အမေရိကန်သမ္မတ ထရမ့်က ပြောကြားခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ စစ်ရေးအရတိုက်ခိုက်ခြင်းသည် အဖြေမဟုတ်ကြောင်းနှင့် လက်နက်ကိုင်ပဋိပက္ခကြီးထွားလာခြင်းသည် မည်သည့်နိုင်ငံကိုမျှ အကျိုးကျေးဇူးရရှိစေမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းပဋိပက္ခတွင် ပါဝင်ပတ်သက်သည့်နိုင်ငံများအနေဖြင့် ဆွေးနွေးမှုများမှတစ်ဆင့် ပဋိပက္ခကို ဖြေရှင်းရန်နှင့် ကမ္ဘာ့စီးပွားရေးနှင့် စွမ်းအင်ဖူလုံရေးကို အကျိုးသက်ရောက်မှုရှိစေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန် ၎င်းကပန်ကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## တတိယအကြိမ် ရေဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



ပုသိမ် ဧပြီ ၂

တတိယအကြိမ် ရေဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ရေဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ၇၂ ဦးစလုံး တက်ရောက်ကြသည်။

ဦးစွာ ကတိသစ္စာပြုရန် လိုအပ်သော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးကြသည်။ ယင်းနောက် ပြည်ထောင်စု လွှတ်တော်ရုံးမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြား၍ လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် သဘောတူသဖြင့် သဝဏ်လွှာကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာ ကော်မတီနစ်ရပ်တွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ တစ်ရပ်ချင်းစီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းလျာထားချက်များကို နည်းဥပဒေ၊ နည်းဥပဒေခွဲနှင့်အညီဖွဲ့စည်းရန် လျာထားအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြရာ လွှတ်တော်က အတည်ပြုရန် သဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါ အတိုင်း ရေးရာကော်မတီနစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီဥက္ကဋ္ဌတို့က မိမိနှင့်သက်ဆိုင်သည့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

မြစ်ကြီးနား ဧပြီ ၂

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက တတိယအကြိမ် ကချင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့သော ဥပဒေကြမ်းကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌအဖြစ် ဦးမြအုန်း ဖားကန့်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) အပါအဝင် အဖွဲ့ဝင်အဖြစ် ကိုယ်စားလှယ်ကိုးဦးတို့ဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဦးချန်းဂျောင်ဆားရဲ ဝိုင်းမော်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)အပါအဝင် အဖွဲ့ဝင်အဖြစ် ကိုယ်စားလှယ် ခုနစ်ဦးတို့ဖြင့်လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဦးခေါ်ဆာ ပူတာအိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) အပါအဝင် အဖွဲ့ဝင်အဖြစ် ကိုယ်စားလှယ်ငါးဦးတို့အားလည်းကောင်း ဆွေးနွေးအတည်ပြုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

မော်လမြိုင် ဧပြီ ၂

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။

အဆိုပါ ကော်မတီများအား ဖွဲ့စည်းရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြပြီး ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက ကော်မတီများဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးနိုင်ကြောင်း ပြောကြားပြီး တင်ပြဆွေးနွေးမည့်သူမရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော် တတိယအကြိမ် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကို ဧပြီလ ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**


## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကျောက်တံတားခရိုင်တရားရုံးသို့ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ



**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းရပ်ကွက်၌ ဖွင့်လှစ်ထားသည့် ပုဂ္ဂလိက ကျောင်းဖြစ်သော Covenant International School မှ ကြီးကြပ်သူဆရာမ နှစ်ဦး ဦးဆောင်သည့် လေ့လာရေးအဖွဲ့သည် ကျောက်တံတားခရိုင် တရားရုံးသို့ ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့အား ခရိုင်တရားသူကြီး ဦးဆောင်၍ တွဲဖက်ခရိုင်တရားသူကြီးများ၊ ဒုတိယ ခရိုင်တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသခြင်း၊ ဒုတိယခရိုင်တရားသူကြီး ဦးသန့်စင်ငြိမ်းက "မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အကြောင်း သိကောင်းစရာ"ခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားခြင်း၊ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့တွင် Cambridge As Law (Grade –11) မှ ကျောင်းသား ကျောင်းသူ ကိုးဦး၊ ကြီးကြပ်သူဆရာမ နှစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

ကြေးမုံ

## ရေကြည်မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**ရေကြည် ဧပြီ ၂**

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် မတ် ၃ ရက်မှ ဧပြီ ၂ ရက်အထိ နွေရာသီ အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းဆင်းပွဲကို မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ရေကြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်း က အမှာစကားပြောကြားသည်။ ထို့နောက် ဘောလုံး၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ Fitness Dance အဖွဲ့များက သရုပ်ပြ ဖျော်ဖြေတင်ဆက်ကြပြီး တာဝန်ရှိသူများက နည်းပြဆရာများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များနှင့် ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



## အင်းစိန်မြို့နယ်၌ နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပသော နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက အင်းစိန်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာ စကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၃၁ ရက် အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၁၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ၂၀၂၆ ခုနှစ် နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၁ ရက်က မြို့နယ်ဖူဆယ် အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဦးဦးထွန်းက အားကစား ဆိုင်ရာများကို အသိပညာပေးဟောပြောသည်။



ဆက်လက်၍ မြန်မာ့သိုင်း၊ အေရိုးဗစ် သင်တန်းသား သင်တန်းသူများက သရုပ်ပြသခဲ့ပြီး အားကစားနည်းအလိုက် သင်တန်းဆင်း လက်မှတ်များနှင့် သင်တန်းနည်းပြဆရာများအား တာဝန်ရှိသူများက ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးမဉ္ဇူ



## သာပေါင်းမြို့နယ်၌ စက္ကူစက်ရုံ မီးဘေးလုံခြုံရေး စစ်ဆေး

**သာပေါင်း ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ စက္ကူစက်ရုံတွင် မီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးလှိုင် ဦးဆောင်၍ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်ဆန်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တို့က ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ စက်ရုံမှူးကြီး ဦးကျော်အောင်က မီးဘေးလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းပြသခဲ့ကြောင်း သိရသည်။

မင်းထက်သာ

## မြောက်ဥက္ကလာပမြို့နယ် (၂)ဈေးအား မီးဘေးလုံခြုံရေး ကွင်းဆင်းအသိပညာပေး စစ်ဆေး

**ရန်ကုန် ဧပြီ ၂**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် (၂)ရပ်ကွက်ရှိ (၂)ဈေးအား မီးဘေးလုံခြုံရေး ကွင်းဆင်း အသိပညာပေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်ရေး လေ့ကျင့်ခြင်းကို ယနေ့ ညနေ ၆ နာရီက အဆိုပါဈေးတွင် တာဝန်ရှိသူများက အသိပညာပေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ် ဦးစီးမှူး ဦးစီးအရာရှိ ဦးစည်သူမျိုး ဦးဆောင်သည့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဈေးတာဝန်ခံနှင့် ဈေးလုံခြုံရေးများ၊ ဈေးကော်မတီတို့နှင့်အတူ ဈေးပိတ်ချိန်မီးသုံးစွဲမှုနှင့် လျှပ်စစ်မိန်းခလုတ်များ ပိတ်ထားမှု ရှိ/မရှိ၊ ဈေးမီးဘေးလုံခြုံရေး ဆောင်ရွက်ထားသည့် အပေါ့စားစက်များ အဆင်သင့်အသုံးပြုနိုင်ခြင်း ရှိ/မရှိနှင့် ဈေးလုံခြုံရေးများအား ပိုက်ခေါင်းကိုင်ဆောင်ပုံ ကိုင်ဆောင်နည်းများကို သင်ကြားပေး၍ အသေးစိတ် စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ပခုက္ကူမြို့ သီဟိုဠ်ရှင်မြတ်စွာဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအောင်ပွဲ အထိမ်းအမှတ်ပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပ

**ပခုက္ကူ မေ ၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ရာနှုန်းပြည့်ကပ်လှူခြင်းအောင်ပွဲ အထိမ်းအမှတ်ပွဲတော်များကို မေ ၁ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဦးစွာ အခမ်းအနားတက်ရောက်လာသူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ အရိယဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်အရှင်သူမြတ်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆရာတော်သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် မွန်းလွဲပိုင်းတွင် သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ရာနှုန်းပြည့်ကပ်လှူခြင်း အောင်ပွဲအထိမ်းအမှတ်အဖြစ် ပင့်သံဃာတော် ၁၀၈ ပါးအား ခရိုင်/မြို့နယ်စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပခုက္ကူတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့်သင်ကြား/စီမံဌာနများ၊ ဘုရားကြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုများ လောင်းလှူကြပြီး တက်ရောက်လာသူများအား စတုဒိသာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ဆက်လက်၍ သီဟိုဠ်ရှင်မြတ်စွာဘုရားစေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းရာနှုန်းပြည့်ကပ်လှူခြင်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ဆယ့်နှစ်ပွဲဈေးသည်များ၏ ဈေးရောင်းပွဲတော်အတွင်း ဈေးဆိုင်ခန်းများအလိုက် ရောင်းချထားသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ မုန့်ဆိုင်တန်းများ၌ ဝယ်ယူအားပေးသူများ၊ ပျော်ပွဲရွှင်ပွဲနေရာများနှင့် အပျော်စီးယာဉ်များ၌ စိတ်အပန်းဖြေကစားကြသူများ၊ သီဟိုဠ်ရှင်ပြဇာတ်ရုံ၌ မန္တလေးအားမာန်သစ်ဇာတ်သဘင်အဖွဲ့၏ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးသူ ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် ပခုက္ကူမြို့ အမှတ်(၄)ရပ်ကွက် ရိပ်သာလမ်းရှိ ပရိယတ္တိဗိမာန်(နှစ်ထပ်စာဖြေဆောင်)၌ ၂၀၂၆ ခုနှစ်ပါဠိပထမပြန်စာမေးပွဲ(စတုတ္ထနေ့)၌ ကြွရောက်ဖြေဆိုသည့် ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၅၂၀ အား ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်နန်းစုစုစံတို့၏ဦးဆောင်မှုဖြင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအားမင်္ဂလာသုခကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ တို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများသည်မင်္ဂလာသုခကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မတ္တရာမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ပဥ္စမနေ့ ဆက်လက်ဖြေဆို

**မတ္တရာ မေ ၂**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ ၂၀၂၆ ခုနှစ်အစိုးရပါဠိပထမပြန် စာမေးပွဲ ပဥ္စမနေ့အဖြစ် ယနေ့တွင် အမှတ်(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက် စာစစ်ဌာနတွင် ဆက်လက်ကျင်းပသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲ ပဥ္စမနေ့၌ ပထမကြီးတန်းတွင် ရှင်ရဟန်း ၂၃ ပါး၊ သီလရှင် တစ်ပါး ပေါင်း ၂၄ ပါး၊ ပထမလတ်တန်းတွင် ရှင်ရဟန်း ၂၈ ပါး၊ သီလရှင်လေးပါး ပေါင်း ၃၂ ပါး၊ ပထမငယ်တန်းတွင် ရှင်ရဟန်း ၂၂ ပါး၊ သီလရှင်နှစ်ပါး ပေါင်း ၂၄ ပါး စုစုပေါင်း အပါး ၈၀ ဝင်ရောက်ဖြေဆိုကြသည်။ အစိုးရပါဠိပထမပြန် စာမေးပွဲ ကျင်းပရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ မြို့နယ် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး၊ နေ့ဆွမ်းဆက်ကပ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ အစိုးရပါဠိပထမပြန် စာမေးပွဲကို မတ် ၂၉ ရက်မှ မေ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေရာသား**

# သာယာဝတီမြို့၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုလျက်ရှိသော သံဃာတော်များနှင့်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

**သာယာဝတီ မေ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျိုက်ထိုဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပလျက်ရှိသည့် အစိုးရဓမ္မာစရိယစာမေးပွဲ ဖြေဆိုကြသည့် သံဃာတော်များနှင့်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသော သံဃာတော်များနှင့် သီလရှင်များအား သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လစဉ်လတိုင်းလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပြီး ယခုအခါတွင်လည်း သံဃာတော်များနှင့် သီလရှင် စုစုပေါင်း ၁၁၃ ပါးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**



## တောင်ဥက္ကလာပမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို



ရန်ကုန် ဧပြီ ၂

ရန်ကုန် တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကို ယနေ့တွင် ဘာသာရပ်အလိုက် တောင်ဥက္ကလာပမြို့နယ် မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီးတွင် ဆက်လက်ဖြေဆိုသည်။

ပါဠိပထမပြန် စာမေးပွဲတွင် ပထမကြီး၊ ပထမလတ်၊ ပထမငယ်နှင့် အခြေပြုဟူ၍ ဝင်ရောက်ဖြေဆိုသည့် ကျောင်းတိုက်များမှ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်းစာရင်းရှိ ၂၃၈ ပါး၊ ဖြေဆို ၁၈၁ ပါး၊ ပျက်ကွက် ၅၇ ပါးတို့ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါ စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ကျန်းမာရေးအဖွဲ့များ၊ မြို့နယ် သာသနာရေးမှူးများနှင့် ဂေါပကအဖွဲ့များက စာဖြေသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ၏ ဆွမ်း ဝေယျာဝစ္စများနှင့် ကျန်းမာရေးကိစ္စရပ်များကို ဝိုင်းဝန်းကာ ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



## ကျိုက်ထိုမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ဖြေဆို

ကျိုက်ထို ဧပြီ ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့အား ဧပြီ ၂ ရက်တွင် ကျိုက်ထိုမြို့နယ် သာသနာ့ဗိမာန်၌ ဖြေဆိုသည်။

စာမေးပွဲတွင် ဘာသာပြန်ဘာသာ၊ ယမိုက်အောက်ငါးကျမ်းဘာသာနှင့် ယမိုက်အထက်ငါးကျမ်းဘာသာဖြေဆိုရန် ပထမကြီးတန်းစာရင်းသွင်းသံဃာ ၂၆ ပါး၊ ဖြေဆိုသံဃာ ၂၄ ပါး၊ ပထမလတ်တန်း စာရင်းသွင်းသံဃာ ၂၈ ပါး၊ ဖြေဆိုသံဃာ၂၈ ပါး၊ ပထမငယ်တန်း စာရင်းသွင်းသံဃာ ၈၅ ပါး၊ ဖြေဆိုသံဃာ ၇၆ ပါး ရှိပြီး မတ် ၂၉ ရက်မှစတင်ကာ ဧပြီ ၄ ရက်အထိ ဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို



ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၃) ရပ်ကွက်ရှိ အတုလအောင်ဇေယျာ (ဦးဘိုးလှ)ဘုရားဝင်း အတွင်းရှိ သိမ်တော်ကြီးနှင့် ဓမ္မာရုံတို့၌ ဖြေဆိုသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စုစုပေါင်းစာရင်းရှိ ၃၇၁ ပါးရှိပြီး စုစုပေါင်းဖြေဆိုသူ ၃၂၄ ပါးတွင် ပထမကြီးတန်းတွင် ဖြေဆို ၇၅ ပါး၊ ပထမလတ်တန်းတွင် ဖြေဆို ၉၄ ပါး၊ ပထငယ်တန်းတွင် ဖြေဆို ၁၅၅ ပါး ဝင်ရောက်ဖြေဆိုကြရာ လိုအပ်သော ဝေယျာဝစ္စလှူဒါန်းပေးခြင်းများကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးဦးစီးသော သံဃာတော် ၃၃ ပါး ကြီးကြပ်တော်မူ၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

သန်းသန်းအေး



## ကံမမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဖြေဆိုလျက်ရှိ

ကံမ ဧပြီ ၂

မကွေးတိုင်းဒေသကြီး ကံမမြို့ အမှတ်(၃)ရပ်ကွက် ယွန်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ယနေ့မွန်းတည့်ပိုင်းက ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့အဖြစ် ဆက်လက်ဖြေဆိုလျက်ရှိသည်။

ထိုသို့ဖြေဆိုရာတွင် ပထမငယ်တန်း ဘာသာပြန်ဘာသာရပ်၌ ရဟန်းသုံးပါး၊ သာမဏေကိုးပါး၊ ပထမလတ်တန်း ယမိုက်အောက် ငါးကျမ်းဘာသာရပ်၌ ရဟန်းသုံးပါး၊ သာမဏေလေးပါးနှင့် ပထမကြီးတန်း ယမိုက်အထက်ငါးကျမ်းဘာသာရပ်၌ ရဟန်းရှစ်ပါး စုစုပေါင်း စာဖြေသံဃာ၂၇ ပါး ဝင်ရောက်ဖြေဆိုပြီး စာမေးပွဲကြီးကြပ်ဆရာတော်များနှင့် စာမေးပွဲဖြေဆိုသည့် သံဃာတော်များအား စာမေးပွဲဖြေဆိုသောကာလအတွင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းကွမ်း ဝေယျာဝစ္စများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်ဇေယျဝင်း(ကံမ)

## ကော့မှူးမြို့နယ်၌ ပါဠိပထမပြန် စာအောင်သံဃာစူဋ္ဌဘွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကျင်းပ



ကော့မှူး ဧပြီ ၂

ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာအောင် သံဃာစူဋ္ဌဘွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘုရားလမ်းရပ်ကွက် မဟာဝိဇ္ဇောဒယကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ မြို့နယ် သံဃနာယကအဖွဲ့ ဝင်ဆရာတော် ဘဒ္ဒန္တတေဇက (ဆားတိုင်မှတ်)ကျောင်းတိုက်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းက သာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားသည်။ ဆက်လက်၍ မြို့နယ်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒမှ ဩဝါဒတရားများ ချီးမြှင့်ပြီး ကြွရောက်လာကြသော ဩဝါဒါဆရာတော်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်များနှင့် နဝကမ္မဝတ္ထုငွေများကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆက်ကပ်လှူဒါန်းကြသည်။

ကော့မှူးမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စာအောင်သံဃာတော် ပထမငယ်တန်းအောင် ငါးပါး၊ အခြေပြုမူလတန်းအောင်သံဃာ ၁၂ ပါး၊ စုစုပေါင်းသံဃာ/သီလရှင် ၁၇ ပါး အောင်မြင်ခဲ့ကြပြီး သံဃာတော်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ဌာနဆိုင်ရာများက နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

## ရာမညမြေ သမဝါယမအသင်းက အသင်းသားများသို့ စားကုန်နှင့် အိမ်သုံးပစ္စည်းများ ပေးအပ်




မော်လမြိုင် ဧပြီ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် ရာမညမြေအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က အသင်းဝင်အသင်းသားများသို့ နှစ်သစ်ကူးကာလအတွက် အခြေခံစားကုန်နှင့် အိမ်သုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ပေးအပ်

အဆိုပါပေးအပ်ပွဲသို့ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရာမညမြေအထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ အသင်းသား ဝန်ထမ်းများ တက်ရောက်ကြပြီး အသင်းသား ၃၂ ဦးသို့ စုစုပေါင်း ငွေကျပ် ၂၅ သိန်းခန့်တန်ဖိုးရှိ ဆန်၊ ဆီနှင့် အခြေခံ စာသောက်ကုန်နှင့် အိမ်သုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ဖြူးမြို့နယ်၌ မြေခံမြေဩဇာနှင့် သဘာဝမြေဩဇာများ အကျိုးရှိစွာသုံးစွဲနိုင်ရေး တောင်သူပညာပေးဆွေးနွေး

ဖြူး ဧပြီ ၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ သီးနှံများအတွက် မြေခံမြေဩဇာနှင့် သဘာဝမြေဩဇာများ အကျိုးရှိစွာ ပေါင်းစပ်သုံးစွဲနိုင်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး ဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ဖြူးမြို့နယ် ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ညောင်ပင်သာ) ၌ ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုလတ်က စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများ၊ ခြံတာဝန်ခံ ဦးကျော်အောင်က မြေခံမြေဩဇာများနှင့်သဘာဝမြေဩဇာ အကျိုးရှိစွာအသုံးပြုရေး လုပ်ငန်းများ၊ Dr.Farmer(ဖိုးတောင်သူ) မြေဩဇာ ဖြန့်ဖြူးရေးဒေသတာဝန်ခံ ဦးခင်ဆွေက သီးနှံပင်အတွက် လိုအပ်သော မြေခံမြေပြုပြင် မြေဩဇာများအကြောင်း၊ ဇေယျဝတီ ဆင်ဖြူတော်သကြားစက်မှ ဦးဝင်းနိုင်က တောင်သူများအား ပံ့ပိုးပေးမည့် အစီအစဉ်များကို ဒေသခံတောင်သူများ၊ ခြံဝန်ထမ်းများ၊ ဆင်ဖြူတော်သကြားစက် ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထု တစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့်တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီတောင်းခံပါ။


သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင်ဆက်သွယ်ရန်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄ နာရီဆက်သွယ်ရန် - ၀၆၇ - ၃၄၀၄၆၆၆၊ ၀၆၇ - ၃၄၀၄၇၇၇

Email - ddmrelief.lm@gmail.com,
reliefupper2022@gmail.com,
myanmareoc.rrd@gmail.com


သဘာဝဘေးအန္တရာယ်ဆိုင်ရာသတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ရန် MDA Application ကိုယခုပဲ အခမဲ့ ရယူလိုက်ပါ။

Google Play


Developed by ; | In collaboration with ; | Printed by ;

DRR Working Group Myanmar


၇

# ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများ မဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာ သောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြား အညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ



မကွေး ဧပြီ ၂

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့၌ မိရိုးဖလာယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ We Love Magway အနီး ကျောက်သားဥယျာဉ်ပန်းခြံမှ ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ယိမ်းအကအလှများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး မဟာသင်္ကြန်ပွဲတော်ကော်မတီဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ We Love Magway အနီး ကျောက်သားဥယျာဉ်ပန်းခြံမှ ကမ်းနားလမ်းတစ်လျှောက်လမ်းအရှည်ပေ ၇၃၀ ပေါ်တွင်ဗဟိုမဏ္ဍပ်ကြီးတစ်ခု၊ ဝန်ကြီးဌာနမဏ္ဍပ်ခြောက်ခု တည်ဆောက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း အဆိုပါလမ်းတစ်လျှောက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် လမ်းလျှောက်သင်္ကြန်အတွင်း မြန်မာ့အမွေအနှစ်ရိုးရာသနပ်ခါး (နံ့သာလိမ်းခြယ်)မဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ လောင်းလှေများဖြင့် ရေပက်ကစားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးနိုင်သည့်အပြင် စက်သုံးဆီသုံးစွဲမှုနှင့် ကုန်ကျစရိတ်များကို ချွေတာသည့်အနေဖြင့် ရေဝတီမြစ်အတွင်းမှ ရေများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မြစ်ရေတင်ယူကာ လာရောက်ရေကစားသူများအား စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## လာမည့်ရာသီတွင် လိဂ်ချန်ပီယံနှစ်သင်းဖြစ်သည့် ရှမ်းယူနိုက်တက်အမျိုးသားအသင်းနှင့် ရောဝတီအမျိုးသမီးအသင်း ပြည်ပပြိုင်ပွဲများ ယှဉ်ပြိုင်ခွင့်ရမည်

ရန်ကုန် ဧပြီ ၂

ကျင်းပပြီးစီးခဲ့သည့် ၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းနှင့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရောဝတီအသင်းတို့သည် လာမည့်ရာသီ ပြည်ပကလပ်ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။





စံချိန်တင်အောင်မြင်မှုများစွာ ရယူခဲ့သည့် ရှမ်းယူနိုက်တက်အသင်းကို တွေ့ရစဉ်။

ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးချန်ပီယံ ဖြစ်ခဲ့သောကြောင့် လာမည့်ရာသီတွင် နိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် AFC Challenge League ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲကို နှစ်ပေါင်း ၂၀ ဝန်းကျင်အကြာတွင် ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းအနေဖြင့် လာမည့်ရာသီတွင် သုံးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ပြင် အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၄-၂၀၂၅ ရာသီမှစတင်ကာ ကလပ်ပြိုင်ပွဲကျင်းပသည့်ပုံစံပြောင်းလဲပြီး မြန်မာကလပ်အသင်းများသည် AFC Challenge League ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ AFC Challenge League ပြိုင်ပွဲ၏ ၂၀၂၄-၂၀၂၅ ရာသီတွင် ရှမ်းယူနိုက်တက်အသင်း၊ ၂၀၂၅-၂၀၂၆ ရာသီတွင် ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်၊ ရန်ကုန်ယူနိုက်တက်အသင်းက ခြေစစ်ပွဲအဆင့်မှ ယှဉ်ပြိုင်ခွင့်ရကာ ရှမ်းယူနိုက်တက် အသင်းသည် လာမည့်ရာသီတွင် ထပ်မံယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းပြိုင်ပွဲများတွင် စံချိန်တင်အောင်မြင်မှုများစွာ ရထားသော်လည်း ပြည်ပပြိုင်ပွဲများတွင် အောင်မြင်မှုမရသေးသဖြင့် လာမည့်ရာသီတွင် လုံလောက်သည့် ပြင်ဆင်မှုများစွာပြုလုပ်ရန် လိုအပ်နေသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ရောဝတီအသင်းသည် လာမည့်ရာသီတွင် အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် အာရှအမျိုးသမီးချန်ပီယံလိဂ် ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရောဝတီအသင်းသည် ပြည်တွင်းလိဂ်ဖြစ်သော မြန်မာအမျိုးသမီး လိဂ်တွင် ပထမဆုံးဗိုလ်စွဲခဲ့သလို အာရှအမျိုးသမီး ချန်ပီယံလိဂ်တွင်လည်း ပထမဆုံးယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

## အခမဲ့သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာ ဆင်နွှဲကြသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါ နေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၁ ၂ ၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၄ ၅ ၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ကိုရင်နှင့်လူ ကွာခြားမှု

ကျွန်တော်တို့ ယခုအခါ သာသနဒါယာဒ-သာသနာ့ အမွေခံ ကုသိုလ်နှင့်စပ်ပြီး လေ့လာကြရာ၌ ကိုရင်တို့၏ သန္တာန်၌ တည်ကိန်းနေသော သရဏဂုံနှင့် သီလ သိက္ခာပုဒ်တို့၏ လွန်ကဲ၊ မြင့်မြတ်မှုရှိပုံကို အမြွက်မျှ လေ့လာပြီးဖြစ်နေသည်။

ထိုသို့လေ့လာပြီးသည်မို့ ကျွန်တော်တို့အနေဖြင့် ရင်သွေးများ ဆရာရဟန်းထံ၌ ကိုရင်ဝတ်သည့်အခါ အရင်ကလို တောင်တောင်အီအီ အတွေးရောက်နေတတ်ခြင်း၊ ဟိုကိစ္စ သည်ကိစ္စလေးတွေနှင့် စွတ်ခနဲဆို ထထ သွားတတ်ခြင်း စသည်တို့ကို မဖြစ်ကြတော့ဘဲ ထိုရင်သွေးငယ်တို့၏ ကြည်နူးပီတိဖြစ်စရာ အသွင်အပြင်လေးနှင့် ဆရာရဟန်းထံ သင်္ကန်းဝတ်ပုံ၊ ဆိုပုံ စသည်တို့ကိုကြည့်ပြီး ရှင်ပြုပွဲ၏ အနှစ်သာရကို ထိထိမိမိ ခံစားနေနိုင်တော့မည်ဖြစ်သည်။ ခေါင်းတုံးလေးတုံး၊ သင်္ကန်းလေး ဆင်မြန်းထားသည့် အသွင်အပြင်လေးကကို တန်ဖိုးအလွန်ကြီးလှပေသည်။ ထိုအသွင်အပြင်လေးမှာ ပူဇနေယျဝတ္ထု-ပူဇော်ထိုက်သော အသွင်အပြင်ဖြစ်ပြီး ထိုအသွင်အပြင်၏ အရှိန်အဝါကြောင့်ပင် ကျွန်တော်တို့ထက် လွန်ကဲသော သရဏဂုံနှင့် သီလသိက္ခာပုဒ်များ အလိုလို တည်နေခြင်းဖြစ်သည်။




ကိုရင်တို့သန္တာန်မှာတည်သော သီလသိက္ခာများမှာ ဆယ်ပါးသီလ၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ ၇၅ ပုဒ်၊ မဟာဝါ စူဠဝါ ခန္ဓကလာ ဝတ်နိဗဒ်များ စသည်ဖြင့် များလှပေသည်။ ထိုသီလသိက္ခာပုဒ်တို့ စုပြုံတည်ရှိရခြင်းမှာလည်း ကျွန်တော်တို့နှင့် မတူသော အသွင်အပြင်၊ ကျွန်တော်တို့နှင့်မတူသော ဗုဒ္ဓံသရဏံဂစ္ဆာမိ စသော သရဏဂုံ ရွတ်ဆိုမှုကြောင့် ဖြစ်ရလေသည်။

သို့မို့ကြောင့်လည်း လူဝတ်ကြောင် အနာဂါမ်တို့၏ ဦးခိုက်ပူဇော်မှုကို ခံရခြင်းဖြစ်သည်။ ဘုရားရှင်က "အညာ ဝေဟိ အရိယာ ဓာတိ၊ ပူဇနေယျဝတ္ထုလိင်္ဂံ" ဟု အမိန့်တော်ရှိသည်။ ဆိုလိုသည်က အရိယာဖြစ်တဲ့ဓာတ်ကတစ်မျိုး၊ အပူဇော်ခံအသွင်အပြင်က တစ်မျိုးဖြစ်သည်။ အမျိုးအစားခြင်းမတူချေ။ ထို့ကြောင့် ဝတ်ကြောင်လူသား အရိယာတို့က ရှိခိုးရလေသည်။

လူဝတ်ကြောင် အနာဂါမ်ပုဂ္ဂိုလ်အနေဖြင့် အနာဂါမ်မဂ်အဆင့်ရောက်သဖြင့် ကာမရာဂကို ပယ်ရှားပြီး အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လာသည်။ အရိယာအဆင့်အားဖြင့် မြင့်မြတ်ပါပေသည်။ သို့သော်လည်း ကိုရင်၊ ရဟန်းတို့၏ သီလသိက္ခာမျိုး သူတို့၏သန္တာန်တွင်မရှိချေ။ ကိုရင်တို့လို အသွင်အပြင်မျိုးရှိပါမှ တည်ရှိနိုင်မည်ဖြစ်သည်။ ကျွန်တော်တို့ လူဝတ်ကြောင်များ တရားအားထုတ်၍ ရဟန္တာန်ဖြစ်ခဲ့သော် ထိုဖြစ်တဲ့နေ့မှာပင် ရဟန်းဝတ်ဖြင့်နေနိုင်သည်။ သို့မဟုတ်ပါက ထိုနေ့မှာပင် ပရိနိဗ္ဗာန်ဝင်စံ (သေဆုံး) ရသည်။ ထိုအချက် နှစ်ချက်အနက် တစ်ချက်ချက်နှင့် ကိုက်ညီရသည်။

သုဒ္ဓေါဒနမင်းကြီးတို့ သန္တတိအမတ်ကြီးတို့ ဆိုလျှင် လူဝတ်ကြောင်ဘဝနှင့် ရဟန္တာဖြစ်ကြပြီး နေ့တွင်းချင်း ပရိနိဗ္ဗာန်ဝင် စံသွားကြရသည်။ ဤသို့ဖြစ်ရသည်မှာ လူဝတ်ကြောင်အဖြစ်နှင့် "ရဟန္တာ" ဟူသော ဂုဏ်ပုဒ်ကြီးကို မခံနိုင်သောကြောင့်ဖြစ်ရလေသည်။ ကိုရင်များမှာမူ ထိုသို့မဟုတ် ကိုရင်ဝတ်နှင့် ရဟန္တာဖြစ်ခဲ့သော် ကိုရင်ဝတ်နှင့်ပင် ဆက်လက်နေသွားနိုင်သည်။

ဤသည်မှာ ကျွန်တော်တို့ထက်သာလွန်သော အသွင်အပြင် သီလသိက္ခာတို့ကြောင့် ဖြစ်ရလေသည်။

သို့ဖြင့် သာသနာ့အမွေခံပွဲပြုလုပ်သော ကျွန်တော်တို့၏ ရင်သွေးတို့ ရှင်ဘဝ (ကိုရင်ဘဝ)၏ ကျွန်တော်တို့ထက် မြင့်မြတ်ခြင်းတန်ဖိုးကို ချင့်တွက်မိပြီး မိဘဆွေမျိုးစသည်တို့က မရိုမသေမပြုလုပ်မိရလေအောင် သတိရှိကြရပေသည်။ ။

# ဗုဒ္ဓဘာသာနှစ်မျိုး၊ ခမည်းတော် မယ်တော်ဘွဲ့

ကျွန်တော်တို့ သာသနဒါယဇ္ဇ၊ သာသနဒါယာဒခေါ် သာသနာ့အမွေခံနှင့်စပ်၍ သားယောကျ်ားလေးများ ကိုရင်ဝတ်ပုံနှင့်ပတ်သက်ပြီး လေ့လာခဲ့သည်မှာ အတော်လေးစုံသင့်သလောက် စုံသွားပေပြီ။

ဤသို့ လေ့လာရသည်မှာကလည်း ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေမှာ သဒ္ဓါဗုဒ္ဓဘာသာနှင့် ပညာဗုဒ္ဓဘာသာဟူ၍ နှစ်မျိုးရှိနေသည်။ သဒ္ဓါဗုဒ္ဓဘာသာဆိုသည်မှာ မိဘမျိုးရိုးက ဗုဒ္ဓဘာသာဝင်ဖြစ်လို့သာ မိမိတို့လည်း ဗုဒ္ဓဘာသာဝင်ဖြစ်လာခဲ့သည်။ ဗုဒ္ဓဘာသာနှင့် စပ်လို့က ဘာမျှ အခြေအမြစ်မသိ။ လှူရင် ကုသိုလ်ရသည်။ သီလခံယူရင် ကုသိုလ်ရသည်ဟု စသည်ဖြင့် သာမန်လောက်သာသိသည်။ ကုသိုလ်ရသည်ဟူသော ယုံကြည်ချက်သာရှိသည်။ ထိုထက်မပိုချေ။

ပညာ ဗုဒ္ဓဘာသာဝင်များကျတော့ ထိုသို့မဟုတ်၊ ဗုဒ္ဓဘာသာနှင့်စပ်၍ သိသင့်သမျှ သိနိုင်သမျှကို လေ့လာထားသည်။ နားလည်အောင် လုပ်ထားသည်။ ထိုဗုဒ္ဓဘာသာဝင်တို့ကျတော့ သဒ္ဓါဗုဒ္ဓဘာသာဝင်ထက် ပိုပြီးအကျိုးရှိသည်။ ဘာကုသိုလ်မျိုးပဲလုပ်လုပ် သူတို့မှာ ကိုယ်လုပ်သည့် ကုသိုလ်အလုပ်နှင့်စပ်၍ အခြေအမြစ်မှစပြီး သိပြီးဖြစ်၍ အကျိုးဖြစ်ထွန်းကြသည်ချည်းဖြစ်သည်။

ရှင်ပြုတာချင်း အတူတူဖြစ်သော်လည်း ရှင်ပြုပွဲနှင့်စပ်၍ သိသင့်သည်ကို သိထားသည့်ပုဂ္ဂိုလ်များကျတော့ အကျိုးရတာချင်းတူပေမယ့် ကိုယ်ကပိုပြီး အကျိုးအမြတ်ထွက်ချင်သည်။ ဥပမာ-သား ကိုရင်ဝတ်ပုံစံနှင့်စပ်ပြီး အခြေခံမရှိသူက 'ငါ့သားလေး ကိုရင်ဝတ်ပေးရပြီ'ဟု သာမန်တွေးပြီးသာ ပီတိဖြစ်နိုင်သည်။ အခြေခံသိပြီးသူက "ဆံချပုံ၊ ကိုရင်ဝတ်ပုံ၊ မိမိသားသန္တာန်၌ တည်ကိန်းနေသော သရဏဂုံတို့၊ သီလသိက္ခာတို့၏ အထက်တန်းကျပုံ" စသည်တို့ကိုတွေးရင်း ပီတိဖြစ်ရသည်မို့ ပိုပြီးအကျိုးဖြစ်ထွန်းရလေသည်။

သို့အတွက် ကျွန်တော်တို့အဖို့ ကျွန်တော်တို့နှင့် မကင်းနိုင်သော ကုသိုလ်အမျိုးမျိုးတို့၏ အကြောင်းကို လေ့လာနေကြခြင်းဖြစ်သည်။ နီတိဆရာများက ဆိုသည်။ မွေးဖွားလာသည့် သားယောကျ်ားလေးတို့နှင့်စပ်၍ ၁။ အဝဇာတသား၊ ၂။ အနုဇာတသား၊ ၃။ အတိဇာတသားဟူ၍ သားသုံးမျိုးရှိသည်။

ထိုသုံးမျိုးအနက် အဝဇာတသားဆိုသည်မှာ မိဘအောက် ယုတ်ညံ့သောသားမျိုးဖြစ်သည်။ မိဘ၏ဂုဏ်ရည်နှင့် ဆွေမျိုး၏ဂုဏ်ရည်ကို ဖျက်ဆီးသည့်သားမျိုးဖြစ်သည်။ မိမိ မိဘ၊ ဆွေမျိုးတို့ မလုပ်ခဲ့သော အပြစ်ရှိသည့် အလုပ်မျိုးစုံကို လုပ်သည်။ မိဘမျက်နှာကို အိုးမဲသုတ်သည့်သားမျိုးဖြစ်သည်။ ထိုအဝဇာတသားမျိုးကို ဘယ်လိုမိဘမှ အလိုမရှိကြချေ။

အနုဇာတသားကိုမူ အဝဇာတသားထက် ပိုပြီးနှစ်သက်ကြသည်။ အနုဇာတသားဆိုသည်က မိဘနှင့် တန်းတူသောသားမျိုးဖြစ်သည်။ သူ့ကြောင့်မိဘဆွေမျိုးအရှက်ရခြင်းမရှိချေ။ အတိဇာတသားမျိုးကျတော့ မိဘတိုင်းက တောင့်တသော၊ အလိုရှိသော၊ မြတ်နိုးသောသားမျိုးဖြစ်သည်။ အတိဇာတသားမျိုးက မိဘထက်သာလွန်သည်။ လောကရေးဘက်တွင်လည်း သာလွန်သည်။ ဓမ္မရေးဘက်တွင်လည်း သာလွန်သည်။

လောကရေးဆိုသည်က ပညာအရည်အချင်းအားဖြင့်လည်း မိဘထက်သာသည်၊ စီးပွားရေးရာမှာလည်း မိဘ၏လက်ငုတ်လက်ရင်းထက် သာသည်။ ကြီးပွားအောင်လုပ်သည်။ လူမှုရေးဆိုကလည်း မိဘဆွေမျိုးတွေ ဂုဏ်တက်ရလောက်အောင် ဆောင်ရွက်နိုင်သည်။ ထိုသားမျိုးကို မိဘတိုင်းက အလိုရှိကြသည်။ မွေးလာကတည်းက အတိဇာတသားမျိုးဖြစ်ပါစေဟု ဆုတောင်းကြရသည်။

ထိုသို့ လောကရေးမှာ သာသလို အခုလို ကိုရင်ဝတ်ပေးလိုက်သည့်အခါမျိုးကျတော့ ဓမ္မရေးဘက်မှာလည်း သာလွန်သွားသည်။ ကျွန်တော်တို့မှာ သာမန်သီလလောက်သာ ပြုကျင့်နိုင်သည်။ သာသနာ့ဘောင်ရောက်လာသည့် ကိုရင်များကျတော့ အဓိသီလ၊ အဓိသိက္ခာ၊ အဓိပညာဟူသော သိက္ခာသုံးရပ်မှာ ကျွန်တော်တို့ထက် သာလွန်သွားပေသည်။

ဤသို့ဖြစ်ရသည်မှာကလည်း ကျွန်တော်တို့မှီခိုရာ သာသနာတော်က မြင့်မြတ်ပြီး အထက်တန်းကျလို့ဖြစ်သည်။ တန်ဖိုးရှိလို့ဖြစ်သည်။ သာသနာတော်အတွင်း ရောက်လာသည်နှင့် ဤလို ထူးခြားသောသီလတန်ဆာ၊ ပညာတန်ဆာ၊ သမာဓိတန်ဆာများ အလိုလိုဆင်မြန်းပြီးဖြစ်သွားကြတော့သည်။ ဤကား ထူးခြားမြင့်မြတ်သော သာသနာတော်ကြောင့် ဖြစ်ရခြင်းဖြစ်သည်။

သို့ဖြင့် မိမိသာသနာ၏ အထက်တန်းကျမြင့်မြတ်ပုံနှင့် ထိုသာသနာကို မှီခိုသူတို့မှာ ထူးခြားမြင့်မြတ်လာရပုံတို့ကိုပါ ချင့်တွက်နိုင်ပြီး သာသနာလမ်းညွှန်ထားသော အကျင့်သိက္ခာများကို အတတ်နိုင်ဆုံး ထိန်းသိမ်းသွားသင့်ပေသည်။

## ခမည်းတော် မယ်တော်ဘွဲ့

ကျွန်တော်တို့ ရင်သွေးရတနာတို့၏ သာသနာတော်အတွင်း ကိုရင်ဝတ်မှု၊ ရဟန်းဝတ်မှုနှင့်စပ်၍ တန်ဖိုးရှိကြောင်း မြင့်မြတ်မှုရှိကြောင်းကို လေ့လာခဲ့သည်မှာ အတော်အတန် တီးမိခေါက်မိရှိချေမည်။

ဤသို့ရင်သွေးငယ်တို့ တန်ဖိုးရှိရခြင်းမှာလည်း ကျွန်တော်တို့ မှီခိုရာ သာသနာတော်က တန်ဖိုးရှိပြီး ထူးခြားမြင့်မြတ်သော သာသနာတော်ကြီးဖြစ်သောကြောင့်ပင်ဖြစ်သည်။ သာသနာတော်နှင့်စပ်၍သာ ကျွန်တော်တို့မှာ လူ့တန်ဖိုးမြင့်မြတ်ကြရခြင်း ဖြစ်လေသည်။ ရင်သွေးငယ်တို့ တန်ဖိုးရှိရှိမြင့်မြတ်ကြရသလို သာသနာ့အမွေခံ ကုသိုလ်ရှင် ကျွန်တော်တို့မှာလည်း တန်ဖိုးရှိ မြင့်မြတ်ကြရလေသည်။

ဤနေရာ၌ မိထွေးတော်ဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် ဗုဒ္ဓဘုရားရှင်အား လျှောက်ကြားခဲ့သော စကားတစ်ခွန်းရှိသည်။ ထိုစကားကား-

"လောကမယ် မိန်းမတွေအဖို့ ဘုရင့်မယ်တော်ဟူသော ဘွဲ့နာမည်ကိုရဖို့ဆိုတာ လွယ်ပါတယ်။

ခက်ခဲတာက ဘုရားမယ်တော်ဟူသော အမည်နာမကို ရဖို့ပါပဲ" ဟူ၍ဖြစ်သည်။

မှန်ပါသည် ရှည်လျားလှသော သံသရာခရီးတစ်လျှောက်မှာ သူသူငါငါ ဆိုသလို ဘုရင့်မယ်တော်၊ စကြဝတေးမင်းမယ်တော်၊ စစ်သူကြီးမယ်တော်စသော ဘွဲ့နာမည်တော်များကို ရဖူးကြသည်ချည်းဖြစ်သည်။ သို့သော် ဘုရားမယ်တော်ကြီးဟူသော ဘွဲ့ကိုကား မည်သူမျှ မရကြဖူးချေ။ မိထွေးတော်ကြီးပင် ကမ္ဘာပေါင်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာလေမှ ဘုရားမယ်တော်ဟူသောဘွဲ့ကို ရရှိခဲ့ခြင်းဖြစ်ပေသည်။

ထို့အတူ ရင်သွေးငယ်တို့ ကိုရင်ဝတ်လိုက်သည်နှင့် ကျွန်တော်တို့မှာလည်း "ခမည်းတော်၊ မယ်တော်"ဟူသော သာသနာနှင့်စပ်သော ဘွဲ့အမည်တော်ကို အလိုလိုရရှိသွားခြင်းဖြစ်လေသည်။ ဤခမည်းတော်၊ မယ်တော်ဟူသော ဘွဲ့ဂုဏ်ရည်အမည်ကို တစ်စုံတစ်ယောက်က ဘာကြောင့် ညာကြောင့်ရယ်လို့ ပေးအပ်သည့်အမည်ဘွဲ့မျိုးမဟုတ်။ ချီးမြှင့်မြှောက်စားခံရသည့် ဘွဲ့အမည်မျိုးမဟုတ်။ ထူးခြားမြင့်မြတ်သော သာသနာကို မှီခိုရသဖြင့် ထိုထူးခြားသော သာသနာနှင့်စပ်ပြီး ရရှိလိုက်သော အမည်မျိုးသာဖြစ်သည်။

ထိုအမည်ကို လူတိုင်းရနိုင်ကြသည်မဟုတ်။ ယနေ့ ကမ္ဘာနှင့် ချိန်ထိုးကြည့်လျှင် ထိုဘွဲ့အမည်ကို ရရှိသည့်ဦးရေမှာ အလွန်နည်းပါးလှပေသည်။ မိထွေးတော်ကြီး၏ ဘုရားမယ်တော်ကြီးဟူသောအမည်မှာ ရဖို့ခက်သလို ကိုရင့်မယ်တော်၊ ကိုရင့်ခမည်းတော်ဟူသော အမည်က ထို့ထက်ပင် ပို၍ခက်ခဲသေးသည်။ အကြောင်းမှာ ကိုရင်ဝတ်ခြင်း၊ ရဟန်းခံခြင်းသည် သာသနာတော်နှင့်ကြုံပါမှ ရရှိနိုင်သောကြောင့်ဖြစ်သည်။ ပါရာဇိကဏ်အဋ္ဌကထာက အမိန့်ရှိသည်မှာ **"ဘုရားပွင့်သည့်အခါနှင့် ကြုံဖို့ခက်ခဲသည်။ ကိုရင်အဖြစ်၊ ရဟန်းအဖြစ်က ထို့ထက် ခက်ပါသေးသည်။"** ဟူ၍ဖြစ်သည်။

မှန်ပါသည်။ ဘုရားတစ်ဆူပွင့်ဖို့ဆိုသည်မှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာလျှင် ပွင့်သည်ဟူသော သတ်မှတ်ချက် အချိန်ကာလရှိသည်။ ကိုရင်ဝတ်ဖို့ဆိုသည်က အချိန်ဘယ်လောက်ကြာမှဟူ၍ အချိန်ကာလသတ်မှတ်ချက်မရှိချေ။

ထိုဘုရားပွင့်ရာ သာသနာတော်နှင့်လည်း ကြုံပါမှ၊ လူ့ဘဝမှာလည်း ဖြစ်ပါမှ၊ သမ္မာဒိဋ္ဌိအယူလည်းရှိပါမှ ကိုရင်ဝတ်နိုင်လေသည်။ သာသနာပအခါကာလ၌ ကိုရင်ဝတ်၍မရ။ ကိုရင်ဝတ်ပါမှလည်း ကိုရင့်မယ်တော်၊ ကိုယ်ရင့်ခမည်းတော် ဘွဲ့အမည်နာမကို ရရှိနိုင်သည်။

ထို့ကြောင့် ရင်သွေးတို့ကို ကိုရင်ဝတ်ပေးခြင်းဖြင့် ကျွန်တော်တို့မှာ အလွန်ရခဲသော ခမည်းတော်၊ မယ်တော်ဟူသော ဘွဲ့အမည်နာမကို သာသနာကပေး၍ ရရှိကြောင်းကို သတိချပ်မိကြပြီး သာသနာ့တန်ဖိုးကို အစဉ်လေးစားကြရပေမည်။ ။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| စဉ် | အကြောင်းအရာ | တည်နေရာ |
|---|---|---|
| **Lot-1** | (၈)ခန်းတွဲ RC(၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (176.3'x36'x 20') (အတွင်း ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |
| **Lot-2** | အစာစပ်အလုပ်ရုံနှင့်အစာဂိုဒေါင် (၈၀ ပေx ၂၄ပေx ၁၅ ပေ) Steel Structure (သွပ်မိုး၊ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ ရေမီးအပါ) (၁)လုံး ဆောက်လုပ်ခြင်း | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |
| **Lot-3** | ဘဲရုံ(130'x50'x12')(၁ထပ်၊ကွန်ကရစ်ခင်း၊ ရေကန်ပါ၊ မီးလိုင်း/ရေလိုင်း၊ မိုးကြိုးလွှဲပါ) steel structure၊ သံဆန်ခါကာ၊ ရေစင်ပါ၊ အုတ်ခံသွပ်ဆူးကြိုးခြံစည်းရိုးအပါ၊ (၂)လုံး | နေပြည်တော်၊ တပ်ကုန်း-ရွှေမြို့ |

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၆-၄-၂၀၂၆ ရက် (တနင်္လာနေ့)
၃။ တင်ဒါပိတ်သိမ်းမည့်ရက် - ၂၃-၄-၂၀၂၆ ရက် (ကြာသပတေးနေ့)
၄။ တင်ဒါပိတ်သိမ်းမည့်အချိန် - ၂၃-၄-၂၀၂၆ ရက် (၁၆:၃၀)နာရီ
၅။ တင်ဒါရောင်းချမည့်နေရာ - ရုံးအမှတ်(၃၆)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
၆။ တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ်(၃၆)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
၇။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်မှုဌာနစု၊ အုပ်ချုပ်မှုဌာနစိတ် ဖုန်းအမှတ်၊ ၀၆၇-၃၄၀၈၂၉၉၊ ၀၉-၄၅၀၀၅၅၇၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ရွာမရပ်၊ မြေရီယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ-၄၀၀၆)ကို အမည်ပေါက် ဦးကျော်ဆွေ(ဘ) ဦးကောင်လေးငယ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ပဗသ(နိုင်)၀၄၁၇၅၁]မှ ဒေါ်သူဇာလွင်(ဘ) ဦးသန်းလွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သဃက(နိုင်)၀၀၂၇၅၃] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ ၄ခန်းတွဲ၊ ၄ ထပ်တိုက်၊ တိုက်အမှတ် (၉၂)၊ အခန်းအမှတ်(၂၀၂)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အဆိုပါတိုက်ခန်းမှာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်စန္ဒာမိုး [၁၄/ဒဒရ(နိုင်) ၁၂၃၆၇၁] အမည်ဖြင့် (Owner Book)နှင့်တကွ မှတ်သားထားရှိသော တိုက်ခန်းဖြစ်ပြီး ဒေါ်စန္ဒာမိုးက မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်နှစ်ဦးနှစ်ဖက်သဘောတူထားသည့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင့်သိန်း(မော်ကျွန်း)**
**အထက်တန်းရှေ့နေ (စဉ်-၆၄၃၇/၁၉၈၀)**
**၀၉-၄၂၀၀၉၅၈၄၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၃၇၅/ခ)၊ မြေကွက်တည်နေရာအမှတ်-၃၇၅/ခ၊ ဗိုလ်ခန့် ၄ လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးညွန့်ဝင်း (KMDE-၀၀၁၇၆၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးညွန့်ဝင်းသည်(၂၂-၁၀-၂၀၁၃)နေ့နှင့် (မိခင်)ဒေါ်တင်တင်ဝင်းသည် (၂၀-၅-၂၀၁၀)နေ့တို့တွင် ကွယ်လွန်ခဲ့ကြသဖြင့် ၎င်းတို့၏ သား/သမီး(၂)ဦးဖြစ်ကြသော ဦးကျော်မျိုးထွန်း[၁၂/ဒဂရ(နိုင်)၀၁၀၅၆၇]၊ ဒေါ်ဝင်းချယ်ရီထွန်း [၁၂/ဒဂရ(နိုင်)၀၀၈၀၉၈]တို့မှ သား/သမီး အရင်းများတော်စပ်ကြောင်း၊ ၎င်းတို့မောင်နှမ(၂)ဦးမှလွဲ၍ အခြားသော ကိတ္တိမမွေးစား သား/သမီးများမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ မိခင်ဖခင် သေစာရင်းများ၊ နှစ်(၆၀)မြေငှားဂရန် နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် RC (၁)ထပ်၊ (၁)လုံးရှိပြီးလျှောက်ထားသူတစ်ဦးဖြစ်သူ ဦးကျော်မျိုးထွန်း နေထိုင်ပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း လျှောက်ထားသူများမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဦးကျော်မျိုးထွန်း၊ ဒေါ်ဝင်းချယ်ရီထွန်းတို့မှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးသုတေသနဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ မွေးမြူရေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ရုံးအဆောက်အဦ (၂၅၄'x၈၀'x၄၂') (၆၉၃၆၀ စတုရန်းပေ) RC(၃)ထပ်(၁)လုံး ဆောက်လုပ်ခြင်း (ရေ မီးအပါ)လုပ်ငန်း၊ သင်တန်းခန်းမနှင့် ရှင်းလင်းဆောင်တည်ဆောက်ခြင်း(၁၂၀' x ၄၀'x၁၃') Steel Structure (အတွင်း ရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ) လုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်တွင်းလုပ်ငန်းရှင်များ တင်ဒါတင်သွင်းနိုင်ကြောင်း အောက်ပါအတိုင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၄-၂၀၂၆ ရက်မှ ၂၀-၄-၂၀၂၆ ရက်ထိ
၃။ တင်ဒါပိတ်သိမ်းမည့်ရက်၊ အချိန် - ၂၁-၄-၂၀၂၆ ရက် (၁၆:၃၀)နာရီ
၄။ တင်ဒါရောင်းချမည့်နေရာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်းနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။
၅။ တင်ဒါတင်သွင်းရမည့်နေရာ - စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်းနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်။
၆။ တင်ဒါဖွင့်လှစ်မည့်နေ့ရက် - ထပ်မံကြေညာသွားပါမည်။
၇။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးသုတေသနဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးဌာနခွဲ၊ ဖြည့်တင်းသိုလှောင်ရေးနှင့် မွေးမြူရေးအင်ဂျင်နီယာဌာနစု၊ ဖုန်းအမှတ်၊ ၀၆၇-၃၄၁၆၅၄၄ (Exchange No.5) နှင့် ၀၉-၆၅၀၇၂၃၇၂၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးသုတေသနဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ သီတာလမ်း၊ အမှတ် (၄၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ကိုအပြောင်(ခ)ဒေါ်ခင်ဝင်းရီ [၁၂/လမတ(ဧည့်) ၀၀၀၇၉၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးစန္ဒာဦး [၁၂/ဒဂတ (နိုင်) ၀၀၉၈၂၄]က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၁)**
**အမှတ်-၆၅၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 09-795152870,09-402594347**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၄)ရပ်ကွက်၊ ဝေဘာဂီအိမ်ရာစီမံကိန်း၊ ပန်းလှိုင်လမ်း၊ မြေကွက်အမှတ်(၄၄၆)၊ ဧရိယာအကျယ်အဝန်း(၀.၁၂၈ဧကေ)သည် ဒေါ်ခင်ယုယုလှိုင် [၁၀/မလမ(နိုင်)၁၉၇၅၈၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ယုယုလှိုင် [၁၀/မလမ (နိုင်) ၁၉၇၅၈၁]ထံမှ ဥပဒေနှင့်အညီ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း[၃/မဝတ(နိုင်)၀၀၂၈၂၂]မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန်း[၃/မဝတ(နိုင်)၀၀၂၈၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ဖြိုးဝင်းမြင့် LLB,DIL, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၂၇)**
**၀၉-၄၅၁၆၆၁၆၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၅-ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၀၂၇/ခ)ဦးမိုးဇော် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၂၀x၆၀)ပေအိမ်ခြံမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရှုပ်အရှင်းကင်း၍ တရားဝင်ဝယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်နှင်းယု[၁၂/ဗဟန(နိုင်)၀၁၂၅၃၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးမင်းလွင်ဦး[၁၄/အမတ(နိုင်) ၀၀၅၄၇၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်း အပြည့်အစုံနှင့် တကွကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁၉/၂၀၂၁)**
**တိုက်-၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၅၇၈၄၄၆၈၈**




## အမှားပြင်ဆင်ခြင်း

(၁-၄-၂၀၂၆) ရက်နေ့၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၁) တွင်ပါရှိသော **ဦးကျော်မြတ်သူ (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၂၅၆)**၏ အများသိစေရန် ကြော်ငြာ၌ အမှတ်(၂၈-အေ)၊ ပထမထပ်၊ ခေါင်းရင်းခြမ်း၊ (၁၀'x ၅၀') ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၄-၂၀၂၆ ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၁ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မဥ္ဇူအေးသိန်း ကြော်ငြာတွင် ဝယ်ယူသူ ဒေါ်ခင်သက်လင်း၏ နေရာအစား ဦးသက်နိုင်ထွန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၂၃၉/က၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၃၉/က)၊ သီဂီ(၃)လမ်းတောင်၊ ၅/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းထွန်းစိန်[၁၂/လမတ(နိုင်)၀၀၆၉၀၆]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးထွန်းထွန်းစိန်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်လှလှရီ [၁၂/လမန(နိုင်)၁၀၈၈၇၄]မှ မိမိကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံလွှာကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးထွန်းထွန်းစိန်(ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၂)၊ လမ်းအမည်မရှိသေး၊ မြေကွက်အမှတ်(၁၁၈၈)၊ ဒေါ်သောင်းသောင်း(ALN-103348) စာအမှတ်(၂၈၇)၊ အမည်ပေါက် ပေ(၄၀x၆၀) ပါမစ်မူရင်းမြေကွက်အား ဒေါ်ခိုင်သန်းဦးမှ တရားဝင်အရပ်ကတိစာချုပ်မူရင်း ဆက်စပ်များနှင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ခိုင်သန်းဦးသည် အထက်ပါ မြေကွက်အား ၎င်းသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးနှစ်ဆန်းဦးမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူခဲ့ပြီး(၃-၄-၂၀၂၆)ရက်နေ့တွင် အထက်ပါမြေကွက်အား အပြီးသတ် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

(ဘ) ဦးအိုးဖောက်မောင်၏ သမီးဖြစ်သူ ဒေါ်ခင်စန်းအေး(ခ) ဒေါ်ခင်ခင်ဝေ မှတ်ပုံတင်အမှတ် [၁၁/ပတန(နိုင်)၀၂၅၄၆၄]သည် တစ်ဦးတည်းဖြစ်ပြီး ကျွန်မ၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၇-၁၉၈၁)ဖြစ်ပါကြောင်း။

**ဒေါ်ခင်စန်းအေး(ခ) ဒေါ်ခင်ခင်ဝေ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ တောင်စုံကျေးရွာအုပ်စု၊ မုန်ရင်းကျေးရွာနေ ဦးဇော်လွင် ၏ သမီး မသန်းဆင့် [၈/မမန(နိုင်) ၃၀၁၄၂၅]၏ နိုင်ငံကူးလက်မှတ် အမှတ် (MG- 517228)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**၀၉- ၂၅၅၉၅၆၇၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၄၊ မြေကွက်အမှတ်-၁၁၉/က၊ မြေကွက်တည်နေရာအမှတ်-၁၁၉/က၊ စကားဝါလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးတင်ဝင်း [၁၂/ရကန(နိုင်)၀၃၃၂၆၉] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ဝင်း ခင်ပွန်းဖြစ်သူသည်(၁၃-၆-၂၀၁၉)ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်သက်ဦး [၁၂/ရကန(နိုင်)၀၃၃၂၇၀]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီး လုံးဝမရှိပါကြောင်း၊ အထက်ပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူတစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ အမှတ်- ၉၉၉/၂၀၂၆(၂၂-၁-၂၀၂၆)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အဦရှိ(၁)ထပ်သွပ်မိုးပျဉ်ကာ ကိုယ်တိုင်နှင့် တူမဖြစ်သူနေထိုင်ပြီး ဒေါ်ခင်သက်ဦးနှင့် တူမဖြစ်သူတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်ခင်သက်ဦး၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၄၆၊ မြေကွက်အမှတ်–၁၉၉၉၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၆–ရပ်ကွက်၊ အမှတ်–၁၉၉၉ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဝင်းလှိုင် [၁၁/မဥန(နိုင်)၀၀၀၆၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသန့်ဇော်ဝင်းဦး (LL.B,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄–လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊**
**မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉– ၉၆၅၁၇၈၀၁၈၊ ၀၉– ၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၃၉၄)၊ သုခမိန်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၃၉၄)၊ ဧရိယာ(၄၀'x၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေသည် ဒေါ်ယဉ်ယဉ်လှ[၁၂/ဥကတ(နိုင်)၁၃၇၈၀၂]+၁ တို့မှ မြေအမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်းနှင့် အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၉၁)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၅–၃–၂၀၂၆ ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ–၂၂ ပါ မြေကွက်အမှတ် (၁၈၆)၊ မြေတိုင်း(၁၃၈)၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၏ တရားလွှတ်တော်ရှေ့နေ ဒေါ်မြသဲပိုသင်း၏ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာတွင် ဦးရဲမာန် [၁၂/ရကန(နိုင်)၂၂၄၉၉၀]အစား ဦးရဲမာန် [၁၂/ရကန(နိုင်)၀၈၀၁၉၃] ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အ.လ.က ထန်းတပင်ကျောင်း GRADE–7 မှ မောင်ကောင်းဝေယံသော်၏ ဖခင်အမည် ဦးထွဋ်ထွဋ်အား ဦးနေလင်းထွဋ် [၇/ဇကန(နိုင်)၀၅၀၃၆၅] ဟု ပြောင်းလဲခေါ်ပါရန်။

**ဦးနေလင်းထွဋ်**
**[၇/ဇကန(နိုင်)၀၅၀၃၆၅]**

**မိဘဂုဏ်**
**အိမ်၊ခြံ၊မြေအကျိုးဆောင်**
**ဒဂုံ(၄)မြို့နယ်ရှိ**
**မြေကွက်များ**
**အမြန်ဝယ်လိုသည်။**
**09-650957524**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၂၀၂၆–၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဥက္ကဋ္ဌရုံးအဖွဲ့တွင် ဆောင်ရွက်မည့် နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ အီလက်ထရောနစ်ပေါင်းစည်းစနစ်လုပ်ငန်း၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့်(အောက်မြန်မာပြည်)တို့မှ ကွန်ပျူတာ၊ ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန်နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(၂)ခုတို့၏ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်တို့အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် –

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် – ၃–၄–၂၀၂၆ ရက်
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် – ၄–၅–၂၀၂၆ ရက်
(ဂ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းမည့်ရက် – ၅–၅–၂၀၂၆ ရက် – (၁၆:၃၀)နာရီ
(ဃ) တင်ဒါတင်သွင်းမည့်နေရာ – ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက် ဝယ်သည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဖုန်း–၀၆၇–၄၀၉၂၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ (၇)မိုင်၊ သာလွန်ဝတီလမ်း၊ အမှတ်(၆) ရှိ ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီဖြစ်သော Nutrilife Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ်–117538966)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်–

Church & Dwight Co., Inc (USA) မှ ၎င်းတို့တစ်ဦးတည်းပိုင်ဆိုင်သော “FEMFRESH” ကုန်အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချရန် ကျွန်ုပ်မိတ်ဆွေကုမ္ပဏီသို့ Authorized Representatives Distributor အဖြစ် Distribution Agreement ကို ပြုလုပ်ချုပ်ဆို ပေးအပ်ပြီးဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ Nutrilife Company Limited မှ “FEMFRESH” ကုန်အမှတ်တံဆိပ်ထုတ်ကုန်ပစ္စည်းများကို မကြာမီအချိန်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် တရားဝင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

“FEMFRESH” ကုန်အမှတ်တံဆိပ်ဖြင့် အမျိုးသမီးသုံးသန့်စင်ဆေးရည်များကို အမျိုးအစား(၃)မျိုး ခွဲခြား၍ အရောင် (၃)မျိုးဖြင့် ထုတ်လုပ်ထားရှိပါသည်။ ကျွန်ုပ်တို့ Nutrilife Company Limited အနေဖြင့် အထက်ပါကုန်အမှတ်တံဆိပ်သုံးစွဲသူများအား ကုန်ပစ္စည်းအစစ်နှင့်အတုအပများ၏ ကွာခြားချက်ကို သိသာစေရန်အလို့ငှာ femfresh Intimate Skin Care ပစ္စည်းများရွေးချယ်ဝယ်ယူရာတွင် Nutrilife Hologram Sticker ပါဝင်သောပစ္စည်းများသာ အစစ်အမှန်များဖြစ်ပါကြောင်းနှင့် Hologram Sticker ပါဝင်သောပစ္စည်းအစစ်အမှန်များကိုသာ ရွေးချယ်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။




FEMFRESH Intimate Skin Care
Daily Wash (250 ml)




FEMFRESH Intimate Skin Care Soothing Wash (250 ml)

FEMFRESH Intimate Skin Care 0% Sensitive Wash (250 ml)

ယခုအခါ ဈေးကွက်အတွင်း ကုန်ပစ္စည်းအတုအပများ ရောင်းချလျက်ရှိကြောင်းနှင့် အတုအပပစ္စည်းများသုံးစွဲမိသူတို့တွင် အရေပြားခြောက်သွေ့ခြင်း၊ ယားယံခြင်းနှင့် အဖုအပိန့်များထွက်ခြင်း၊ မသက်မသာခံစားရခြင်း၊ pH Balance ပျက်စီးခြင်း၊ မနှစ်မြို့ဖွယ် အနံ့ဆိုးများဖြစ်ပေါ်ခြင်းစသည့် အရေပြားဆိုင်ရာကျန်းမာရေးဆိုးကျိုးများ ဖြစ်ပေါ်နေကြောင်း စုံစမ်းသိရှိရပါသည်။

သို့ဖြစ်ပါ၍ အတုအပများ အထူးသတိပြု ရှောင်ရှားနိုင်ကြပါရန် အထက်ပါပုံများနှင့် ယှဉ်တွဲတင်ပြအပ်ပါသည်။ အရည်အသွေးမီ ပစ္စည်းအစစ်အမှန်များဖြစ်သော Nutrilife Hologram Sticker ပါဝင်သည့် “femfresh Intimate Skin Care” အမျိုးသမီးသန့်စင်သုံးပစ္စည်းများကိုသာ ရောင်းချရန်၊ ရွေးချယ်ဝယ်ယူ သုံးစွဲကြပါရန်နှင့် မြန်မာနိုင်ငံတစ်ဝန်း အတုအပရောင်းချကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်တော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မြင့်သန္တာထွန်း အထက်တန်းရှေ့နေ (စဉ် –၂၄၉၈၁)**
**အမှတ် (၈၃/၈၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၅၈၁၂၃၀၉**

**ဒေါ်မင်းသီရိမျိုး အထက်တန်းရှေ့နေ (စဉ် – ၅၅၁၆၃)**
**အမှတ် (၃)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၅၅၃၆၇၄၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ရန်ကုန်အင်းစိန်လမ်းမ၊ The Century Condo ရှိ Type(A)၊ Block(D)၊ အခန်းအမှတ်(၁၈၀၇) (၁၈–လွှာ)၊ ဧရိယာ(၁၈၃၉) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ HTUN MYAT AUNG Co.,Ltd. ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိမာလာထွေး[၁၁/စတန(နိုင်)၀၇၉၉၅၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB) ဒေါ်ယုဇန်ကို(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၅၄)၊ (၂)ခန်းတည်း (၆)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ)၊ တိုက်မျက်နှာမူလျှင်ဘယ်ဘက်၊ (၁၉x၅၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသိန်းအောင် [၁၂/သဃက(နိုင်)၀၆၉၉၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးအောင်[၁၂/သဃက(နိုင်)၁၆၄၄၄၈]၊ ဒေါ်ဇူးဇူး [၉/ပကခ(နိုင်)၀၃၂၄၄၈] တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB) ဒေါ်ယုဇန်ကို(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၄၊ လူနေရပ်ကွက်အမှတ်–၄၊ မြေကွက်အမှတ်–၇၉၂/ခ၊ ဧရိယာ(၁၂၀၀) စတုရန်းပေ၊ (အလျား၂၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးအီစမာန်အင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၉၂/ခ)၊ စာ၀(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော (၁)ဒေါ်လှအေး[၁၂/ရကန(နိုင်) ၀၆၀၄၁၄]၊ (၂) ဒေါ်လှဝင်း [၁၂/ဥကတ(နိုင်)၂၂၄၅၄၈]၊ (၃)ဦးအုန်းလှိုင် [၁၂/ဥကတ(နိုင်)၀၃၈၆၃၉] တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေကစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ) ဦးဇေယျာထွန်း (LL.B)**
**LL. B, A.G.T.I (EP), D.B.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL.B) ဦးစိုးလွင်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၁) အထက်တန်းရှေ့နေ (စဉ်–၃၇၉၈၁)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၁ ၈၄၀၄၂၊**
**၀၉–၇၃၁၁၅၁၀၅၊ ၀၉–၄၂၁၁၀၈၅၅၁၊ ၀၉–၄၂၅၂၈၇၁၃၄**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂

| | | |
|---|---|---|
| မင်းဘူး | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၂ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

## စပါးအသင်း ပရီမီယာလိဂ်ပြိုင်ပွဲမှ တန်းမဆင်းရရေး နည်းပြရိုဘတ်တိုဒီဇာဘီ ကြိုးပမ်းရမည်

စပါးအသင်းဟာ အသင်းရဲ့နည်းပြသစ်အဖြစ် ရိုဘတ်တိုဒီဇာဘီကို ခန့်အပ်ခဲ့ပြီးနောက် ရိုဘတ်တိုဒီဇာဘီ အနေနဲ့ စပါးအသင်းကို ပရီမီယာလိဂ်မှ တန်းမဆင်းရရေး ကြိုးပမ်းရတော့မှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ စပါးအသင်းအနေနဲ့ နည်းပြရိုဘတ်တိုဒီဇာဘီကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုထားတာဖြစ်ပါတယ်။

စပါးအသင်းက ရိုဘတ်တိုဒီဇာဘီကို အသင်းနည်းပြအဖြစ်ခန့်အပ်ခဲ့ခြင်းဟာ ယခုပရီမီယာလိဂ် ဘောလုံးရာသီ နှစ်လတာကာလအတွင်းမှာ သုံးဦးမြောက်နည်းပြလည်း ဖြစ်လာခဲ့ပါတယ်။

စပါးအသင်းအနေနဲ့ သောမက်ဖရန့်နဲ့ တူဒေါတို့ကို နည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့ပြီးနောက် နှစ်လအတွင်းမှာ ရိုဘတ်တိုဒီဇာဘီကို နည်းပြအဖြစ်ခန့်အပ်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ■






ဘားအံ-ကော့ကရိတ်-မြဝတီ(အာရှလမ်းပိုင်း) ပြန်လည်ဖွင့်လှစ်ပြီးနောက် ယာဉ်များသွားလာနေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

## ကုန်သွယ်မှုပမာဏ အများဆုံး စီးဆင်းရာ ဘားအံ-ကော့ကရိတ်-မြဝတီ(အာရှလမ်းပိုင်း) ပြန်လည်ဖွင့်လှစ်

နေပြည်တော် မေ ၂

ကရင်ပြည်နယ်၏ အဓိက ဆက်သွယ်ရေးလမ်းမကြီးဖြစ်သော နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး မဟာမဲခေါင်ဒေသ(ခွဲ) အရှေ့-အနောက် စီးပွားရေးစင်္ကြံ(Greater Mekong Sub-region East-West Economic Corridor) လမ်းပိုင်းတွင် ပါဝင်သည့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪

## UFC ဖလိုင်းဝိတ်တန်းချန်ပီယံ မြန်မာဖိုက်တာ ဂျိုရှုအာဗန်၏ ပထမဆုံးကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ မေ ၁၂ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၂

မေ ၁၁ ရက်(မြန်မာစံတော်ချိန် မေ ၁၂ ရက်)တွင် အမေရိကန်နိုင်ငံ မိုင်ယာမီမြို့၌ ကျင်းပမည့် UFC 327 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဂျိုရှုအာဗန်၏ ပထမဆုံး ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ပါဝင်လာမည်ဖြစ်ပြီး ဂျပန်ဖိုက်တာ တက်ဆုရိုတီအီရိုနှင့် ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်တွင် နာမည်ကျော်တိုက်ခိုက်ရေးအဖွဲ့အစည်း UFC နှင့် စတင်လက်တွဲပြီးနောက် နှစ်နှစ်ကျော်ကာလအတွင်း ကမ္ဘာ့ချန်ပီယံဖြစ်လာခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ စုစုပေါင်း ၁၈ ပွဲထိုးသတ်ရာတွင် ၁၆ ပွဲနိုင်

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖




ဂျိုရှုအာဗန် UFC ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်လက်ခံပြီးနောက် အောင်ပွဲခံနေစဉ်။


## ယနေ့ ဖတ်စရာ

ရန်ကုန်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ပြင်ဆင်မှုများပြုလုပ်

စာမျက်နှာ » ၈

---

အမှတ်(၁၄၂) အစုန်စာပို့ရထားပေါ်မှ မသင်္ကာဖွယ်ရာအိတ်များတွေ့ရှိခြင်းနှင့် အမှတ်(၁၂)အစုန် အမြန်ရထားပေါ်တွင် မူးယစ်ဆေးဝါးများအား တရားခံများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၄

---

စက်သုံးဆီဝယ်ယူရာတွင် ပိုမို၍ အဆင်ပြေချောမွေ့စေရေးအတွက် ရောင်းချသည့်စနစ်အား အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၆